မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် ၂၀၁၅ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ စနေနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၀၂]

မိတ်ဆွေစစ် လေးမျိုး

* မိမိအား ကျေးဇူးပြုသူ မိတ်ဆွေစစ်၊
* ချမ်းသာဆင်းရဲ အတူဖြစ်သူ မိတ်ဆွေစစ်၊
* အကျိုးစီးပွားကို ညွှန်ပြတတ်သော ဆရာနှင့်တူသူ မိတ်ဆွေစစ်၊
* ညှာညှာတာတာ စောင့်ရှောက်တတ်သူ မိတ်ဆွေစစ်။

အာရှ-အာဖရိက၊ ညီညွတ်မှုမြှုတော် ဘန်ဒေါင်းမှ သမိုင်းဝင်အာမ်းအနား

နှစ် (၆၀) ပြည့် အာရှ- အာဖရိကထိပ်သီးညီလာခံတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှ-အာဖရိက နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(သတင်း စာမျက်နှာ-၈)

ဓာတ်ပုံ-www.aacc2015.id

"ဘန်ဒေါင်းစိတ်ဓာတ်ဖြစ်သည့် စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေခံမူများသည်လည်း အာရှ-အာဖရိက နိုင်ငံများအကြား ထိရောက်ခိုင်မာသည့် အခြေခံ အုတ်မြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဟု ယုံကြည်"

ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံကို သမိုင်းဝင်အကူအညီပေးအပ်

ဝရဇိန်

နေပြည်တော် ဧပြီ ၂၄

ကမ္ဘာ့ဘဏ်အနေဖြင့် ယမန်နေ့က မြန်မာနိုင်ငံအတွက် ငွေကြေးအကူအညီသစ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းအစီအစဉ်အရ မြန်မာနိုင်ငံသည် နည်းပညာအကူအညီများအပြင် ငွေကြေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံအား credit,Loan နှင့် grant အနေဖြင့်လည်းကောင်း၊ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအား ကမ္ဘာ့ဘဏ်၏ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဌာနစိတ်မှ လည်းကောင်း ရရှိမည်ဟု သိရသည်။

မြန်မာနိုင်ငံအတွင်း အသွင်ကူးပြောင်းရေးလုပ်ဆောင်လာခြင်းကြောင့် ကမ္ဘာ့ဘဏ်သည် နိုင်ငံတွင်းရှိ ဆင်းရဲမှုလျော့ကျရေးတွင် အဓိကကျသော ကျန်းမာရေး၊ ပညာရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အကူအညီများစွာပေးအပ်ခဲ့ကြောင်း၊ ယခုအကူအညီမှာ မြန်မာနိုင်ငံရှိ stakeholders များနှင့် အနီးကပ်ထိတွေ့ဆွေးနွေးမှုအပေါ် အခြေခံထားကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ကန်းထရီးဒါရိုက်တာ အူးရစ်ဇာချူက ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ

ခေါ်ခင်သီတန် (မူလတန်းပြ)

ကျွန်မက မူလတန်းပြ ဆရာမတစ်ဦးဖြစ်ပါတယ်။ ကျွန်မအိမ်ကနေ တွဲ့တေးမြို့နယ် လာကပုံကျေးရွာလေးမှာ စာသွားသင်ရပါတယ်။ အဲဒီမူလတန်းကျောင်းကို ကားအဆင့် ဆင့် စီးပြီးသွားရပါတယ်။ နေပူထဲ သွားလာရတော့ အသားအရေတွေ နေလောင်ဒဏ်တော့ခံရပါတယ်။ ဒီကြားထဲ မျက်နှာက အဆီပြန် ဖုန်မှုန့်က ကပ်ပေါ့ရှင်။ ရွေးပေါက်တွေပိတ်တော့ ဝက်ခြံလည်းထွက်တယ်လေ။ ကဲကောင်းချင်တော့ အစ်မတစ်ယောက်က ရွေပြည်နန်း(၂)ဘူးပေးတယ်။ တစ်ဘူးက ကဲ့ကော်ဝတ်ဆံသနပ်ခါး ၊ နောက်တစ်ဘူးက အသားဖြူ သနပ်ခါး အစိမ်းဘူးလေးပေါ့။ ကဲ့ကော်သနပ်ခါးကို နေ့ဘက်မှာလိမ်း၊ အသားဖြူသံပရာသနပ်ခါးကို ညဘက်မှာလိမ်းလို့ဆိုပြီး အကြံဉာဏ်ပေးပါတယ်။ အဲဒီလိုနဲ့ ကျွန်မ နေ့စဉ်ဂရုတစိုက် မှန်မှန်လိမ်းတာ (၂)ပတ်ကြာတော့ အဆီပြန်တာပျောက်သွားတယ်။ ဝက်ခြံလည်းပျောက်လာပါတယ်။ အသားကတင်းပြီး ဝင်းမွတ်လာပါတယ်။ သနပ်ခါးရဲ့ ကလည်း သင်းသင်းလေးမွှေးနေတော့ စိတ်ကြည်နူးမှုလည်းရပါတယ်။ သနပ်ခါးဘူးပေးတဲ့ အစ်မကို ကျေးဇူးတင်သလို ကောင်းမွန်တဲ့နည်းပညာနဲ့ ထုတ်လုပ်ပေးတဲ့ ရွေပြည်နန်း သနပ်ခါးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ရွေပြည်နန်းသနပ်ခါး အောင်မြင်ပါစေလို့...

ခေါ်ခင်သီတန်(မူလတန်းပြ) အ.မ.က (မူလွန်) လာကပုံကျေးရွာ၊ တွဲ့တေးမြို့နယ်။
ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ခေါ်ခင်မာသန်း၊ မူလတန်းပြ၊ အ.လ.က(ခွဲ) ပန်းလှိုင်၊ တွဲ့တေးမြို့နယ်။

(ရွေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြို့ငယ်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စိတ်ရှည်သည်းခံလမ်းကြောင်းမှန် မောင်းရန်မော်တော်ကား

အာကာသသို့ ခရီးသွားလာခြင်း၊ မြင့်မားသောတောင်ထိပ် သို့တက်ခြင်း၊ ပင်လယ်သမုဒ္ဒရာများအတွင်း တစ်ကိုယ်တော်ရွက် လွှင့်ခြင်းတို့ကို စွန့်စားလုပ်ကိုင်သော အလုပ်များအဖြစ် လူသိများ ကြပါသည်။ သို့သော် မော်တော်ယာဉ်ကို အရှိန်ပြင်းစွာ သတိ လက်လွတ်မောင်းနှင်ခြင်းအလုပ်ကိုမူ မည်သူမျှစွန့်စားရသော အလုပ်ဟု ထင်မှတ်ကြလိမ့်မည်မဟုတ်ပေ။ အမှန်စင်စစ် စက်တပ် ယာဉ်တစ်မျိုးမျိုးကို အရှိန်အဟုန်ပြင်းစွာ မောင်းနှင်အသုံး ပြုခြင်းသည် စွန့်စားခြင်းတစ်မျိုးပင်ဖြစ်ပါသည်။

စွန့်စားလုပ်ကိုင်ရသော အလုပ်ဟူသမျှတို့သည် တစ်ဖက်တွင် အောင်မြင်မှု၊ ကျော်ကြားမှုများရှိသလို အခြားတစ်ဖက်တွင်လည်း အန္တရာယ်ကို စိန်ခေါ်မှုများရှိနေပါသည်။ စိန်ခေါ် စွန့်စားလုပ်ကိုင်သူတိုင်းသည် အချိန်မရွေး၊ နေရာမရွေး အန္တရာယ် တစ်စုံတစ်ရာဖြစ်ပွားနိုင်ပါသည်။ စွန့်စားလုပ်ကိုင်ရသော အလုပ် တို့သည် အထူးသတိကြီးစွာ လုပ်ကိုင်ကြရပါသည်။ သတိလက် လွတ်သည်နှင့် အန္တရာယ်ဖြစ်ပွား နိုင်သည့်အနေအထား ဖြစ်ပါ သည်။

ယခုရက်ပိုင်းအတွင်း ခရီးသည်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကို ဝင်တိုက်ခြင်း၊ အရှိန်မထိန်းနိုင်ဘဲ ပေ ၅၀၀ နက်သော ချောက်အတွင်းထိုးကျသွားခြင်း၊ အရှိန်မထိန်းနိုင်ဘဲ အခြားကားများကို ဝင်တိုက်မိခြင်း၊ အရှိန်မထိန်းနိုင်ဘဲ ဈေးဆိုင် များ၊ နေအိမ်များသို့ ဝင်တိုက်မိခြင်း စသော ယာဉ်မတော်တဆ ဖြစ်စဉ်များကို ကြားသိနေရသည်။ ဤဖြစ်စဉ်များအားလုံးသည် မော်တော်ယာဉ်ကို အရှိန်ပြင်းစွာ မောင်းနှင်ခြင်းကြောင့် ဖြစ်ပါ သည်။ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းမှာ အဓိကအား ဖြင့် ချွတ်ယွင်းမှုသုံးခုရှိပါသည်။ လူ၊ ယာဉ်နှင့်လမ်းပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများပင်ဖြစ်ပါသည်။ ယင်းတို့အနက် လူကြောင့် ဖြစ်ပွားသော ချွတ်ယွင်းမှုသည် အများဆုံးဖြစ်ကြောင်း ပညာရှင် တို့က ဆိုပါသည်။ လူ၏ပေါ့ဆမှု၊ စည်းကမ်းမဲ့အရှိန်ပြင်းစွာ မောင်းနှင်မှု သတိလက်လွတ်မောင်းနှင်မှုတို့ပင် ဖြစ်ပါသည်။ ယာဉ်များကို အရှိန်ပြင်းစွာ မောင်းနှင်အသုံးပြုခြင်းသည် အချိန် မရွေးအန္တရာယ်ဖြစ်ပွားနိုင်ပါသည်။ တစ်နည်းအားဖြင့် အသက် အန္တရာယ်ကို အရင်းပြု၍ စွန့်စားမှုပြုလုပ်နေခြင်းဖြစ်ပါသည်။

မော်တော်ယာဉ်သည် စိတ်ရှည်သည်းခံပြီး စည်းကမ်းရှိစွာ မောင်းနှင်အသုံးပြုတတ်မည်ဆိုလျှင် လူသားတို့အတွက် လိုရာခရီး ပို့ဆောင်ပေးနိုင်သည့် ခြေနင်းစက်ကြာများပင်ဖြစ်ပါသည်။ သို့သော် စည်းကမ်းမဲ့စွာ အသုံးပြုမောင်းနှင်ကြမည်ဆိုပါက အန္တရာယ် သည် လက်တစ်ကမ်းတွင်ရှိပါသည်။ စက်တပ်ယာဉ်တိုင်းသည် စည်းကမ်းတကျ အသုံးပြုခြင်းဖြင့်သာ အန္တရာယ်ကင်း၊ ဘေးကင်းနိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ "စိတ်ရှည်သည်းခံလမ်းကြောင်းမှန်၊ မောင်းရန် မော်တော်ကား" ဟူသော ဆောင်ပုဒ်အတိုင်း သတ်မှတ်ထားသော မိုင်နှုန်းအတိုင်း မောင်းနှင်သင့်ပါသည်။ စည်းကမ်းတကျ လမ်း ကြောင်းမှန်အတိုင်း မောင်းနှင်အသုံးပြုသင့်ပါသည်။ မော်တော် ယာဉ်အသုံးပြုသူတိုင်းက စည်းကမ်းနှင့်အညီ မောင်းနှင်ကြခြင်းဖြင့် အန္တရာယ်ကင်း၊ ဘေးကင်းနိုင်မည်ဖြစ်ပါကြောင်း။ ။

တောင်ဂူနှင့် ရေတာရှည်မြို့နယ်များတွင် မိုးသက်လေပြင်းများတိုက်ခတ်ပြီး မိုးသီးကြွေ



ရေတာရှည် ဧပြီ ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ဂူ မြို့နယ်နှင့် ရေတာရှည်မြို့နယ်၌ ဧပြီလ ၂၂ ရက်နှင့် ၂၃ ရက်က မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့ရာ မိုးသီးများကြွေခြင်း၊ လမ်းဘေးရှိ သစ်ပင်ကြီးများပြိုလဲခြင်း၊ ကြက်မွေးမြူရေးခြံ၊ ဘဲမွေးမြူရေးခြံ၊ ဓာတ်ဆီဆိုင်မျက်နှာကြက်များ ကွာကျခြင်း တို့ဖြစ်ပေါ်ခဲ့သည်။ တောင်ဂူမြို့နယ်၊ ကေတုမတီမြို့တွင် ဧပြီ ၂၂ ရက် ည ဦးပိုင်းက မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့ပြီး မိုးသီးများစွာကျဆင်းခဲ့ရာ ကွမ်းသီးလုံးအရွယ်အထိပါဝင်သည်ကိုတွေ့ရသည်။ ထို့အပြင် ကေတုမတီမြို့နှင့် ကျွန်းကုန်းကျေးရွာကြား ကားလမ်းဘေးရှိ သစ်ပင်များ ပြိုလဲသွားခဲ့ပြီး လျှပ်စစ်မီး နှစ်ရက် ကျော်ကြာ ပြတ်တောက်သွားခဲ့သည်။

ရေတာရှည်မြို့နယ်တွင် ဧပြီ ၂၃ ရက် နံနက် ၁၁နာရီခွဲခန့်မှ စတင်ကာ မိုးများထစ်ချုန်းရွာသွန်း၍ လေပြင်းများတိုက်ခတ်ခဲ့ရာ တောင်သူများ စိုက်ပျိုးရိတ်သိမ်းလျက်ရှိသော နွေစပါးစိုက်ခင်းများ ပြားကပ်နေအောင်လဲကုန်ပြီး ဆွာမင်းလမ်း ကျေးရွာအုပ်စု မှန်စီကျေးရွာအနီး ကားလမ်းအနောက်ဘက်ရှိ ကြက်မွေးမြူရေးခြံတစ်ခြံနှင့် ဘဲမွေးမြူရေးခြံတစ်ခြံ ပြိုကျပျက်စီးသွားခဲ့သည်။

ထို့အတူပင် ဆွာတိုးဂိတ်အနီးရှိ ဂျီအယ်လ် စက်သုံးဆီအရောင်းဆိုင် အမိုးအောက် မျက်နှာကြက်များ ကွာကျပျက်စီးသွားခဲ့သည်ကို တွေ့ရှိရကာ ကျေးရွာအချို့၌လည်း အိမ်အမိုးများပြုတ်ထွက် ကွာကျခြင်းများ ဖြစ်ပေါ်ခဲ့သော်လည်း လူနှင့် တိရစ္ဆာန်များ သေကျေဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပျဉ်းမနားမြို့တွင် ကျန်းမာရေးကွင်းဆင်းဆောင်ရွက်

ပျဉ်းမနား ဧပြီ ၂၄

နေပြည်တော်ကောင်စီနယ်မြေ ဒကွိုဏာခရိုင် ပျဉ်းမနားမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ပညာပေးဟောပြောခြင်း၊ အခမဲ့ ကွင်းဆင်းဆေးကုသခြင်းကို ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီက ရွာသစ်ကျေးရွာအုပ်စု မကျည်းပင် ကွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်က သွေးလွန် တုပ်ကွေးရောဂါ၊ ဌက်ဖျားရောဂါ၊ ART ရောဂါနှင့် သန့်လေးသန့် အကြောင်းအရာကို လည်းကောင်း၊ ပျဉ်းမနားခုတင် ၂၀၀ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်က ယင်လုံ အိမ်သာသုံးစွဲခြင်း၊ တစ်ကိုယ် ရေသန့်ရှင်းရေး အကြောင်းအရာ ကိုလည်းကောင်း၊ ဆေးရုံအုပ် ဒေါက်တာအေးအေးမာက ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်းလုပ်ငန်း အကြောင်းအရာကို လည်းကောင်း၊ ကျောင်းကျန်းမာရေး ဆရာဝန် ဒေါက်တာ အဲမွန်ထွန်းက ငါးနှစ်အောက်ကလေး ကျန်းမာရေးစောင့် ရှောက်ခြင်း အကြောင်းအရာကို လည်းကောင်း ဟောပြောခဲ့ပြီး ဒေသခံ ၇၀ ကို အခမဲ့ကျန်းမာရေး စစ်ဆေးခြင်း၊ ကုသခြင်း၊ ဆေးဝါး ပေးခြင်းနှင့် ဆေးရုံတက်ရောက် မည့်လူနာအား လူနာလွှဲပြောင်း ညွှန်ပို့ခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီက နတ်သူရဲကျေးလက်ကျန်းမာရေးဌာန၊ ညောင်ပင်သာ ကျေးလက်ကျန်းမာ ရေးဌာနခွဲ၊ ညောင်ပင်သာကျေးရွာ အုပ်စု ထောက်ရှာပင်ကျေးရွာတွင် လည်း ကျန်းမာရေးပညာပေး ဟောပြောခြင်း အခမဲ့ဆေးဝါးကုသ ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကလေးမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွား

ကလေး ဧပြီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပျဉ်ခုံကြီးကျေးရွာအုပ်စု ဟံသာကျေးရွာတွင် ဧပြီ ၂၂ ရက် ညနေ ၄နာရီက လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ပြီး အခြေခံပညာမူလတန်းကျောင်း စာသင်ကျောင်း သွပ်မိုးများလန်၍ ပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးမှုအခြေအနေများကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးသည် ခရိုင်ပညာရေးမှူးရုံးမှတာဝန်ရှိသူနှင့် ကျေးရွာ ရပ်မိရပ်ဖများနှင့်အတူ ဧပြီ ၂၃ရက်ညနေပိုင်းတွင်ကွင်းဆင်းကြည့်ရှုစစ်ဆေး ပြီး သွပ်မိုးလန်ပျက်စီးသွားသည့် စာသင်ကျောင်းကို အမြန်ဆုံးပြန်လည်ပြု ပြင်ဆောင်ရွက်နိုင်ကြရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းလေပြင်းတိုက်ခတ်မှုကြောင့် ခြောက်ပေသွပ် ၃၇ ချပ်၊ ရှစ်ပေသွပ် ၃၇ ချပ် စုစုပေါင်း သွပ် ၇၄ ချပ်ပျက်စီးကာ ဆုံးရှုံးမှုတန်ဖိုးမှာငွေကျပ် ခြောက်သိန်း ကျော်ရှိပြီး လူနှင့်တိရစ္ဆာန်သေဆုံးမှုမရှိကြောင်း သိရသည်။

ဂျွန်နီင်း

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၄-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာမိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၄,၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄,၄,၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈,၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၆၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၉၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၁၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄,၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁,၀၀၀-၁၄,၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁,၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇,၀၀၀-၃,၃,၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆,၅၀၀-၁၄,၅၀၀
၈။	ကြက်	တစ်ပိဿာ	၄,၅၀၀-၁,၅၀၀
၉။	ဝက်	တစ်ပိဿာ	၇,၀၀၀-၈,၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁,၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁,၃,၀၀၀-၁,၈,၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄,၂,၀၀-၉,၅,၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်းဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁,၀၈၂-၁,၀၉,၀
ဥရောပ	တစ်ယူရို	၁,၂,၀-၁,၃,၃,၅
စင်ကာပူ	တစ်ဒေါ်လာ	၇,၈,၀-၇,၈,၂
ထိုင်း	တစ်ဘတ်	၃,၀.၅-၃,၂
အိန္ဒိယ	တစ်ရူပီး	၁,.,၇-၁၆.,၃
တရုတ်	တစ်ယွမ်	၁၆,.,-၁,.,၀
မလေးရှား	တစ်ရင်းဂစ်	၃,.,၀-၃,.,.,.

မြန်မာနှင့် ဗီယက်နမ်အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဥာဏ်ထွန်းသည် ဗီယက်နမ်နိုင်ငံအစိုးရ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးရေးမှူးချုပ် မစ္စတာ ဟွေဖောင်ထျန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာဖုံ)**

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဦးတင်ဦးလွင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့သို့လက်ခံတွေ့ဆုံစဉ် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ဗီယက်နမ်နိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးအဖွဲ့တို့အကြား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

❁ *ကျောဖုံးမှ*

မြန်မာယူ-၂၃ အသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့်ကစားနိုင်ခဲ့ပြီး တောင်ပံကစားသမား အောင်ကျော်နိုင်က ဟက်ထရစ်သွင်းကာ နေလင်းထွန်းကတစ်ဂိုးသွင်းယူခဲ့သောကြောင့် ပထမပိုင်းတွင် လေးဂိုးပြတ်အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် ယူ-၂၃ အသင်းမှာ ကစားသမား အချို့ပြောင်းလဲခဲ့သော်လည်း ဆက်လက်ဖိကစားနိုင်ခဲ့သည်။ ယူ-၂၃ အသင်းအတွက် အနိုင်ဂိုးများကို သီဟဇော်က နှစ်ဂိုးနှင့် ရှိုင်းသူရက တစ်ဂိုးတို့ ထပ်မံသွင်းယူခဲ့ပြီး ယူ-၁၈အသင်းအတွက် ချေပဂိုး တစ်ဂိုးကို ဟိန်းဖြိုးဝင်းက သွင်းယူပေးခဲ့သည်။

ယူ-၁၈ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်နေသည့်အသင်းဖြစ်ပြီး လက်ရှိတွင် MNL လူငယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ မလေးရှားနိုင်ငံထွက်ခွာ

ရန်ကုန် ဧပြီ ၂၄

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဧပြီ ၂၄ ရက်မှ ၂၈ ရက်ထိ ကျင်းပမည့် ASEAN People's Forum အစည်းအဝေးနှင့် ASEAN-AIPA အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံကျော်နှင့် ပြည်သူ့လွှတ်တော်ခုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ) (သတင်းစဉ်)**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ စတုတ္ထအကြိမ် ညီနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၏ စတုတ္ထအကြိမ်မြောက် ညီနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာစိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန(၅) ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း **(အောက်ပုံ)**က နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးကြသည့် ကော်မတီများ၏ နောက်ဆုံး ကွင်းဆင်းစစ်ဆေးအတည်ပြုချက်များကို အတည်ပြုသွားကြရမည်ဖြစ်ပြီး မပြီးပြတ်သေးသည့် ကိစ္စရပ်များကို ဆက်လက်တင်ပြ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဆုချီးမြှင့်ရေးအခမ်းအနားကျင်းပနိုင်ရန် စီမံချက်ဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ ဘွဲ့ခံဆရာတော်များနှင့်ဆုလက်ခံရယူကြမည့် လူပုဂ္ဂိုလ်များအား ဖိတ်ကြားရေးတို့ကိုအစီအစဉ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဂန္ဓဓုရ၊ ဝိပဿနာဓုရ တာဝန်များအပြင် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်သည့်ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ရန် စီစဉ်ဆောင်ရွက်ထားမှုများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး မြို့ပြကျေးရွာ အဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်၊ မွေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ၊ စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီနှင့် ပညာရပ်ဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီများက ကော်မတီအလိုက် ကွင်းဆင်းစစ်ဆေးခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ထွန်ဦးက နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုချက်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက သတင်းထုတ်ပြန်နိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများကလည်း ဆုရွေးချယ်ချီးမြှင့်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

ပေးအပ်မည့် အကူအညီထဲတွင် လယ်ယာထုတ်ကုန်တိုးမြင့်ရေးများ ပါဝင်ပြီး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေနှင့် ရေစီမံခန့်ခွဲမှု၊ သီးနှံဖွံ့ဖြိုးမှု၊ ထိရောက်သော စိုက်ပျိုးရေးနည်းပညာနှင့် သင်တန်းများပါဝင်ကြောင်း၊ ယခုပေးအပ်သည့် အကူအညီသည် မြန်မာနိုင်ငံအတွက် သမိုင်းဝင် အကူအညီဖြစ်ကြောင်း ဆိုသည်။

(ဒီဗွီဘီ)

စာအုပ်စာပေ

လူ့မိတ်ဆွေ

အများပြည်သူသို့ အသိပေးပန်ကြား

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြီခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၅ ရက်တွင် ရွှေပေါက္ကံ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ သာကေတ၊ ဗိုလ်တထောင်၊ တာမွေ၊ မင်္ဂလာတောင်ညွှန့်၊ သယံနိုးကျွန်း၊ ရန်ကင်း၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ စမ်းချောင်း၊ အလုံ၊ မရမ်းကုန်း၊ လမ်းမတော်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဖောင်ကြီး မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ဧပြီ ၂၅ ရက်တွင် ဒဂုံ(အရှေ့)၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ သယံနိုးကျွန်း၊ မရမ်းကုန်း၊ လမ်းမတော်၊ အင်းစိန်၊ ရွှေပြည်သာ၊ မော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်၊ ထောက်ကြန့်၊ ဥက္ကံ၊ အင်းတိုင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ယင်းသို့ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြီခိုင်မှု ရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနှုံးအညွှတ်တောင်းပန်ပါကြောင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူသို့အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

ရုရှားနှင့်အာဂျင်တီးနား စွမ်းအင်ဆိုင်ရာစာချုပ်များ သဘောတူညီ

မော်စကို ဧပြီ ၂၄

အာဂျင်တီးနားနှင့် ရုရှားနိုင်ငံတို့သည် မော်စကိုဘ်စီးပွားရေးနှင့် စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူချက် မူဘောင်များ လက်မှတ်ရေးထိုးလိုက်ကြသည်။

အာဂျင်တီးနားသမ္မတ ခရစ္စတီနားဖာနန်ဒက်ဇီကစ်ရှ်နားတို့သည် မဟာဗျူဟာ ပေါင်းဖက်ပူးပေါင်းဆောင်ရွက်ခြင်းကို ခိုးကျူးခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်များတွင် အာဂျင်တီးနားနိုင်ငံ၌ ရုရှားက ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရေးနှင့် ရေကြောကလီးယားစွမ်းအင်စက်ရုံတည်ဆောက်ရေးတို့ ပါဝင်သည်။ ယင်းဆောင်ရွက်မှုသည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် အာဂျင်တီးနားနိုင်ငံ၌ ရုရှားက ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရေးနှင့် ရေကြောကလီးယားစွမ်းအင်စက်ရုံ တည်ဆောက်ရေးတို့ ပါဝင်သည်။ ယင်းဆောင်ရွက်မှုသည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ အမှတ်တရလည်းဖြစ်သည်။

ကရင်မလင်အနေဖြင့် ယူကရိန်းအရေးနှင့်ပတ်သက်၍ အီးယူနှင့် အမေရိကန်တို့၏ ပိတ်ဆို့မှုကို ကျော်လွှားနိုင်ရန် လက်တင်အမေရိကနှင့် ကုန်သွယ်မှုဆက်ဆံရေးကို မြှင့်တင်သွားရန် ဆန္ဒရှိနေကြောင်း သတင်းထောက်များက ပြောသည်။

အဆိုပါ သဘောတူညီချက်များတွင် အာဂျင်တီးနားနိုင်ငံ ရေကြောကလီးယားစွမ်းအင်စက်ရုံ တည်ဆောက်ရန် ရုရှားက ငွေကြေးအကူအညီ အာမခံချက်လည်းပါရှိသည်။ ရုရှားရိုဆာတန်ရေကြောကလီးယားကော်ပိုရေးရှင်းက အာဂျင်တီးနား အာတူချာသရီးရေကြောကလီးယား ဓာတ်အားပေးစက်ရုံ၌ ဓာတ်ပေါင်းဖိုသစ် တည်ဆောက်ပေးရန်လည်း သဘောတူထားသည်။

(ဘီဘီစီ)

ပေကျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော် ရုပ်ရှင်ထူးချွန်ဆုများပေးအပ်

ပေကျင်း ဧပြီ ၂၄

ကြာသပတေးနေ့ညက ပြီးဆုံးခဲ့သည့် (၅)ကြိမ်မြောက် ပေကျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် Wolf Totem ဒါရိုက်တာ Jean Jacques Annaud သည် အကောင်းဆုံး ဒါရိုက်တာဆုကို လက်ခံရရှိခဲ့ပြီး မက္ကဆီကို ရုပ်ရှင်ဖြစ်သော The Beginning of Time သည် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို ရရှိခဲ့သည်။ အဆိုပါရုပ်ရှင်ပွဲတော်တွင် အခြားသောဆုများဖြစ်သည့် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု၊ အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု၊ အကောင်းဆုံးတေးဂီတဆုအပါအဝင် အခြားဆု ရှစ်မျိုးကိုပါ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

Artem Tsypin သည် A White , White Night ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်သရုပ်ဆောင်ဆုကိုဆွတ်ခူးခဲ့ပြီး Tony Leung Ka Fai က The Taking of Tiger ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ရရှိခဲ့သည်။

'Childru ' ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို Eva Bandor က ရရှိခဲ့ပြီး ၎င်းကားဖြင့်ပင် အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုနှင့် အကောင်းဆုံးရုပ်ရှင်ရိုက်ကူးရေးပညာဆုတို့ကို ရရှိခဲ့သည်။

(ဆင်ဟွာ)

ဆွစ်ဇာလန်သည် ကမ္ဘာ့နေချင်စဖွယ်အကောင်းဆုံးနိုင်ငံအဖြစ် ရပ်တည်

ဆွစ်ဇာလန် ဧပြီ ၂၄

နာရီများနှင့် ချောကလက်များ ထွက်ရှိရာ ဆွစ်ဇာလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် နေချင်စဖွယ်အကောင်းဆုံးနိုင်ငံဖြစ်ကြောင်း စစ်တမ်းကောက်ယူမှုအသစ်အရ သိရသည်။

ဆွစ်ဇာလန်နိုင်ငံသည် ကုလသမဂ္ဂ၏ကြီးကြပ်မှုဖြင့် ကနဦးဆောင်ရွက်ခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကွန်ရက်က ထုတ်ပြန်ခဲ့သော ကမ္ဘာ့ပျော်ရွှင်ဖွယ်ရာ အညွှန်းကိန်းတွင် တတိယအကြိမ်ထိပ်ဆုံး၌ရပ်တည်နိုင်ခဲ့သည်ဟု ဆိုသည်။

အဆိုပါ ဆွစ်ဇာလန်နိုင်ငံပြီးနောက် အိုက်စလန်၊ ဒိန်းမတ်၊ နော်ဝေနှင့် ကနေဒါနိုင်ငံအစဉ်လိုက် နေချင်စဖွယ်နိုင်ငံများအဖြစ် ရပ်တည်ကြသည်။ တိုဂို၊ ဘူရွန်ဒီ၊ ဘီနင်နှင့် စစ်မက်ဖြစ်ပွားနေသော ဆီးရီးယားနိုင်ငံတို့က ပျော်ရွှင်စရာအနည်းဆုံးနိုင်ငံများဖြစ်ကြသည်ဟု ဆိုသည်။ ကမ္ဘာ့ပျော်ရွှင်ဖွယ်ရာ အစီရင်ခံစာက နိုင်ငံပေါင်း ၁၅၈နိုင်ငံကို သုတေသနပြုခဲ့ပြီး အစိုးရ၏လွှမ်းမိုးမှုမူဝါဒကို ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါစစ်တမ်းသည် ဂါးလပ်ဝါးဖိုးမှထုတ်ပြန်သော စစ်တမ်းများကို အခြေခံထားခြင်းဖြစ်ပြီး လူတစ်ဦးချင်းဝင်ငွေ၊ လူသက်တမ်း၊ လာဘ်စားမှုအနည်းဆုံးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများအပေါ် အခြေခံဆောင်ရွက်ထားခြင်း ဖြစ်သည်ဟု ဆိုသည်။

(ဘီဘီစီ)

ဆီယက်တယ်မြို့ မူးယစ်ဖြိုခွင်းမှုတွင် လူပေါင်း ၉၀ ကျော်ဖမ်းဆီး

ဆီယက်တယ် ဧပြီ ၂၄

ဆီယက်တယ်မြို့ရှိ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားရာ ဈေးတစ်ခုကို လေးလကြာနှိမ်နင်းမှုများ ပြုလုပ်ပြီးနောက် လူပေါင်း ၉၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

အဆိုပါဒေသကို မူးယစ်ပွဲစားများနှင့် ရာဇဝတ်မှုကျူးလွန်သူများက မူးယစ်လဟာပြင်ဈေးတစ်ခုအဖြစ် ပြောင်းလဲခဲ့ကြောင်း ဆီယက်တယ်ရဲဌာနက ကြာသပတေးနေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင်ပြောကြားသည်။

၄င်းမြို့တော်တွင် မူးယစ်ဆေးဝါးနှိမ်နင်းဖြိုခွင်းရန် စုံစမ်းစစ်ဆေးမှုများ ကိုပြုလုပ်နေသည်။ မြို့ထဲရှိ ကားမှတ်တိုင်များကို မူးယစ်ဆေးဝါးရောင်းချရာ နေရာများအဖြစ်အသုံးပြုခြင်းကို ရှင်းလင်းဖယ်ရှားပြီး သတင်းစာပုံများကို မူးယစ်ဆေးဝါးသိမ်းဆည်းရာနေရာအဖြစ် အသုံးပြုခြင်းကိုလည်း အပြင်းအထန်တားမြစ်ပိတ်ပင်နေကြောင်း ဒေသတွင်းသတင်းစာ၌ ဖော်ပြခဲ့သည်။

အက်ဖ်ဘီအိုင်အကူအညီဖြင့်ပြုလုပ်သော ရဲတပ်ဖွဲ့၏ စစ်ဆင်ရေးတစ်ရပ်တွင် လူပေါင်း ၁၈၆ ဦးကို မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် အတည်ပြုဖမ်းဆီးနိုင်ခဲ့ကြောင်းရဲတပ်ဖွဲ့က ပြောခဲ့သည်။

ယင်းဖမ်းဆီးရမိသူများထဲမှ အများစုမှာ ထောင်ကျခံရမည့်အစား နေရာထိုင်ခင်း၊ ဆေးဝါးကုသမှုနှင့် အခြားဝန်ဆောင်မှုများကို ပံ့ပိုးသွားဖွယ်ရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးမှောင်ခိုရောင်းချခြင်း၊ လုယက်ဓားပြတိုက်ခြင်း၊ သေနတ်ပစ်ခတ်ခြင်း၊ လုယက်ခြင်းနှင့် အခြားပြစ်မှုများ အပါအဝင် ပြည်သူလူထုက ရဲဌာနကို အကြိမ် ၁၀၀၀၀ နီးပါး သတင်းပေးခဲ့သည်။

(ရိုက်တာ)

အလုပ်အတွက် စွမ်းဆောင်ရည်သစ်များရရှိရန် တရုတ်က ကင်ညာကိုကူညီ

နိုင်ရိုဘီ ဧပြီ ၂၄

အရှေ့အာဖရိက လူငယ်များအတွက် အလုပ်စွမ်းဆောင်ရည်သစ်များရရှိစေရန် တရုတ်က ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကျော် ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ငါးနှစ်တာကာလက ပထမအဆင့်အဖြစ် ဖက်စပ်တည်ထောင်ထားသော နိုင်ငံ၏အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေးတက္ကသိုလ်ဖြစ်သည့် ကင်ညာအမျိုးသားလူငယ်ဌာနကို တရုတ်နိုင်ငံက ပံ့ပိုးကူညီခဲ့သည်။

ဒုတိယအဆင့်အနေနှင့် စက်ရုံတည်ထောင်ရေးကဏ္ဍများတွင် ပစ္စည်းကိရိယာများ ထောက်ပံ့ပေးရန် တရုတ်နိုင်ငံက သဘောတူထားသည်။ တရုတ်နိုင်ငံ၏ အကူအညီဖြင့် အကျိုးဖြစ်ထွန်းနေသော အဆိုပါဌာနသည် လူငယ်များ၏ အလုပ်လက်မဲ့ပြဿနာများကို ကာကွယ်ပေးထားသည်။ အဆိုပါဌာနသို့ ချေးငွေများတိုးမြှင့်ချေးပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

(ဆင်ဟွာ)

တိုကျိုရှိ ကလေးကစားကွင်း၌ အမြင့်ဆုံးရေဒီယိုသတ္တိကြွမှုတွေ့ရှိ

တိုကျို ဧပြီ ၂၄

ပြီးခဲ့သည့်လေးနှစ်အကြာက ဖုကူရှီးမားဓာတ်ပေါင်းဖိုပေါက်ကွဲခဲ့သည့်နောက်ပိုင်း ရေဒီယိုသတ္တိကြွမှုအမြင့်ဆုံးအဖြစ် ဂျပန်နိုင်ငံ တိုကျိုမြို့တော်ရှိ ကလေးကစားကွင်းတစ်ခုကို သက်ဆိုင်ရာမှ ပိတ်ပင်ထားခဲ့သည်။

နျူကလီးယားဆိုင်ရာပညာရှင်များက တိုကျိုမြို့လယ်ရှိ ကလေးကစားကွင်းတစ်ခု၌ ကြာသပတေးနေ့က အမြင့်ဆုံးရေဒီယိုသတ္တိကြွမှုကို တိုင်းတာခဲ့သည်ဟု မြို့တော်ရှိ အာဏာပိုင်များက ပြောကြားခဲ့သည်။

ကစားကွင်း၏တစ်နေရာ၌ ရေဒီယိုသတ္တိကြွမှုသည် တစ်နာရီလျှင် ၄၈၀ microsieverts ရှိကြောင်း တွေ့ရှိခဲ့သည်။ ယင်း ရေဒီယိုသတ္တိကြွမှုပမာဏသည် နှစ်စဉ်ထုတ်လွှင့်မှု၏ တစ်ဝက်နီးပါးပမာဏနှင့် တူညီသည်။

အဘယ့်ကြောင့် ကစားကွင်း၌ ရေဒီယိုသတ္တိကြွမှုနှုန်းမြင့်နေရသည်ကို ရှင်းရှင်းလင်းလင်းမသိရသေးပေ။ ထို့ပြင် အဆိုပါနေရာကို လိမ္မော်ရောင်အတားအဆီးဖြင့် ပိတ်ပင်ထားသည်ဟု အာဏာပိုင်များက ပြောခဲ့သည်။

ယခုအချိန်ထိ လူထောင်ပေါင်းများစွာတို့မှာ ယာယီကာကွယ်ရေး အဆောက်အအုံများအောက်၌ ခိုလှုံလျက်ရှိပြီး တိုကျိုနျူကလီးယားစက်ရုံ၏ အနီးဆုံးနေရာရှိ ၎င်းတို့၏ နေအိမ်များရှိရာသို့ ပြန်နိုင်ခြင်း မရှိသေးပေ။

(ရိုက်တာ)

ရန်ကုန်တိုင်းဒေသကြီး၊ ကုန်တင်ကုန်ချအလုပ်သမားဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၄/၂၀၁၅
၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ကုန်တင်ကုန်ချအလုပ်သမားဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကုန်တင်ကုန်ချအလုပ်သမားဥပဒေသည် ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်(၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်)နေ့မှစ၍ အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

(ပုံ) မြင့်ဆွေ
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြန်မာ-ထိုင်းအမှတ်(၁)ချစ်ကြည်ရေးတံတား၌ မြန်မာနိုင်ငံသား ၂၀ ထိုင်းနိုင်ငံက လွှဲပြောင်းပေးအပ်

တာချီလိတ် ဧပြီ ၂၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ရှိ မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတား၌ ဧပြီ ၂၃ ရက် မွန်းလွဲပိုင်းက ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်သည့် မကဖ(၈)မှဦးစီးအရာရှိ ဦးဇော်မင်းမြင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်မင်းဇော်နှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံ လဝကဦးစီးအရာရှိ Saesiton၊ မယ်ဆိုင်ခရိုင်လဝကမှူး Kanlayar Phommalin နှင့် မယ်ဆိုင်ခရိုင်ဒုလဝကမှူး Sadaryansukyan တို့က တရားမဝင်မြန်မာအလုပ်သမားအမျိုးသား ၁၁ ဦးနှင့်အမျိုးသမီးကိုးဦးတို့ကို လာရောက်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား ၂၀ တို့ကို တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းဝင်းအတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်း တာချီလိတ်-မယ်ဆိုင်ချစ်ကြည်ရေးတံတား (၁)မှ တံတားကူးလက်မှတ်ဖြင့်ဝင်ရောက်ပြီး တရားမဝင် နေထိုင်အလုပ်လုပ်ကိုင်ခြင်းကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်သည်။ ၄င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ ၄င်းတို့ကို အခကြေးငွေယူကာ စည်းရုံးပို့ဆောင်ပေးသူများမရှိဘဲ ၄င်းတို့၏ သဘောအလျောက် ကိုယ်တိုင်သွားရောက် အလုပ်ရှာဖွေလုပ်ကိုင်နေကြသူများဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ လွှဲပြောင်းအလုပ်သမား ၂၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ အစီအစဉ်ဖြင့် ၄င်းတို့၏ ဆွေမျိုးများထံ ညနေ ၃ နာရီခွဲတွင် ခံဝန်ဖြင့် အပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါ လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမားများတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှလေးဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ခြောက်ဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ၁၀ ဦးတို့ ဖြစ်ကြပြီး ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၉ ရက် မှ ၂၀၁၅ ခုနှစ် ဧပြီ ၂၃ ရက် အထိ ငါးနှစ်အတွင်း အမျိုးသား ၆၀၇၇ ဦး၊ အမျိုးသမီး ၂၂၀၀ စုစုပေါင်း ၈၂၇၇ ဦးရှိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ယင်းဆိပ်ရွာ၌ရှိသော GSM တာဝါတိုင်မှ မိုးကြိုးလွှဲအဖြစ် အသုံးပြုသော ကြေးနန်းကြိုးများ ခိုးယူခံရမှုဖြစ်ပွား

မကွေး ဧပြီ ၂၄

မကွေးမြို့ကန်သာ (၁)လမ်းရှိ ABC Telecon ကုမ္ပဏီရုံးခွဲမှ ဆက်သွယ်ရေးအင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်သည် ဧပြီ ၂၁ ရက် နံနက် ၉ နာရီက မကွေးမြို့နယ် ယင်းဆိပ်ရွာ၌ရှိသော ABC ကုမ္ပဏီပိုင် GSM BTS စခန်းသို့ ရောက်ရှိစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာတွင် အဆိုပါစခန်းရှိ GSM တာဝါတိုင်၌ မိုးကြိုးလွှဲအဖြစ်အသုံးပြုသော အနက်ရောင် ကာဗာပါကြေးနန်းကြိုး ၁၈ ပင်၊ အရှည် ၁၂ကိုက်ခန့်ရှိ ကြေးနန်းကြိုးတစ်ချောင်း တန်ဖိုးငွေကျပ် ၆၄၅၀၀၀ နှင့် GSM တာဝါတိုင်၌ မြေပြင်မိုးကြိုးလွှဲအဖြစ်အသုံးပြုသော အနက်ရောင် ကာဗာပါကြေးနန်းကြိုး ၁၈ ပင်၊ အရှည် ၅ ကိုက် ၅၀ ခန့်ရှိ ကြေးနန်းကြိုးတစ်ချောင်း တန်ဖိုးငွေကျပ် ၁၁၀၀၀၀ ခန့်မှာ ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသည်။ အဆိုပါ ကြေးနန်းကြိုးများကို ကျော်လင်းအောင်(၂၇ နှစ်)ပြည်တော်သာရပ်ကွက် ဥသျှစ်ပင်မြို့နေ သူနှင့်တစ်ရပ်ကွက်တည်နေ ကျော်ခဲ(ခ) ကိုဇော်နှင့်ဆံရှည်(ခ)မောင်မောင်တို့က ခိုးယူခဲ့ကြောင်း သိရှိရသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာတွင် ကျော်လင်းအောင်အား မကွေးမြို့နယ် လျှော်တောကျေးရွာအနီးတွင် ဖမ်းဆီးမိခဲ့ပြီး ကျန်နှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါခိုးမှုကျူးလွန်သူများအား အရေးယူပေးပါရန် ဦးပြည့်ဖြိုးအောင်က တိုင်တန်းခဲ့သောကြောင့် မကွေးနယ်မြေရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

လားရှိုး ဧပြီ ၂၄

လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာအုပ်စုတွင် မိုးပွင့်(အထူး)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဧပြီ ၂၄ ရက်က ဆုံကွယ်ကျေးရွာအုပ်စု ကျေးရွာခန်းမ၌ ကျင်းပသည်။

အဆိုပါနိုင်ငံသားကတ်ပေးအပ်ပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွဲဖက်ပြည်နယ် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းလူထံ နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၂၈ ကတ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

လားရှိုး(ကိုယ်ပွား)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းခြီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

ဟုမ္မလင်း ဧပြီ ၂၄

(၁၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းခြီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ဧပြီ ၂၃ ရက်က ဟုမ္မလင်းမြို့ အမက(၁)ကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုကို ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဦးမင်းမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လင်းလင်း

အမေရိကန်ပြည်ထောင်စုက မြန်မာစီးပွားရေးလုပ်ငန်းရှင် တစ်ဦးအပေါ် ပိတ်ဆို့ထားမှုမှ ဖယ်ရှား

ကျော်သဲအိမ်

နေပြည်တော် ဧပြီ ၂၄

အိုဘားမားအစိုးရအနေဖြင့် ထင်ရှားကျော်ကြားသော မြန်မာစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်အပေါ် အမေရိကန်ပြည်ထောင်စုအတွင်း စီးပွားရေးလုပ်ကိုင်ခွင့်ပိတ်ပင်ထားမှုကို ဧပြီ ၂၃ ရက်က ဖယ်ရှားလိုက်ပြီဖြစ်သည်။ ထို့အတူ ဦးဝင်းအောင် ဦးဆောင်ပြီး စွမ်းအင်၊ သစ်၊ ရော်ဘာနှင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လုပ်ဆောင်သော Dagon Group စီးပွားရေးအုပ်စုမှ ကုမ္ပဏီနှစ်ခုကိုလည်း ပိတ်ဆို့ထားမှုမှ ဖယ်ရှားလိုက်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုစတင်ခဲ့သော ၂၀၁၂ ခုနှစ်ကစပြီး မြန်မာနိုင်ငံအပေါ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပိတ်ဆို့ထားမှုကို ဖယ်ရှားခဲ့ကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းအချို့အပေါ် ပိတ်ဆို့ထားဆဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်နှင့် အပြောင်းအလဲများအပေါ် မူတည်ပြီး ပိတ်ဆို့ထားမှုများကို တဖြည်းဖြည်းချင်းဖယ်ရှားခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီဟတ်ဖက ပြောကြားသည်။

UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်သည် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုကို အားပေးထောက်ခံသူတစ်ဦးဖြစ်သောကြောင့် အမေရိကန်ပြည်ထောင်စုအနေဖြင့် ၄င်းအပေါ် ပိတ်ဆို့အရေးယူမှုကို ဖယ်ရှားလိုက်ခြင်းဖြစ်ကြောင်း ဆိုသည်။ **(AP)**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၏၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ခုံးကျော်တံတားများ တည်ဆောက်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(က) မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတား (ပြည်လမ်းတစ်လျှောက်-လေးလမ်းသွား)
(ခ) ဗဟန်းမြို့နယ်၊ ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတား (ကမ္ဘာအေးဘုရားလမ်းတစ်လျှောက်-လေးလမ်းသွား)

၂။ တံတားဒီဇိုင်းတင်ပြရာတွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီရမည်-

(က)	Minimum Lane Width	=3~3.25m
(ခ)	Vertical Clearance	=4.9m(16ft)
(ဂ)	Maximum Vertical Gradient	=5%
(ဃ)	Movable Design Load	=75 Ton(AA SHTO-HS-25)
(င)	Minimum Design Speed	=50 km/hr

၃။ တံတားများဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား တံတားတစ်ခုချင်းစီအလိုက် သီးခြားစီချိပ်ပိတ်လျက် ၂၅-၅-၂၀၁၅ရက်(သောကြာနေ့)၁၆း၀၀နာရီနောက်ဆုံးထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ တင်ဒါပုံးများအတွင်းသို့ တာဝန်ရှိသူကိုယ်တိုင် မှတ်ပုံတင်စာရင်းရေးသွင်း၍ တင်သွင်းရမည်။

၄။ သတ်မှတ်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ၃၀-၄-၂၀၁၅ရက် နောက်ဆုံးထားပြီး(ရုံးချိန်အတွင်း)တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါအဆိုပြုလွှာများအား အများရှေ့မှောက်၌ ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းပညာ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းတို့နှင့် ကိုက်ညီသည့် ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။

၆။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်သိရှိ လိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင်(ရုံးချိန်အတွင်း)လူကိုယ်တိုင်ဖြစ်စေ www.eyangon.gov.mm/news တွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့

ပြန်လည်အသိပေးတင်ပြခြင်း

ဧပြီ၁၇ရက် ည ၁၀နာရီ၁၀မိနစ်က ဖြစ်ပွားခဲ့သော ၅၈/... **နေကြယ်မင်း** ခရီးသည်တင်မှန်လုံယာဉ် လမ်းလယ်ကျွန်းကပ်တုံးများ တိုက်မိခြင်းမှာ **နေကြယ်မင်း**ခရီးသည်ပို့ဆောင်ရေးအမည်ဖြင့် ယာဉ်လိုင်းအသင်းဝင် ယာဉ်ပိုင်ရှင်မှာ မိမိတို့အစီအစဉ်ဖြင့် ဘုရားဖူးခရီးစဉ်ပို့ဆောင်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယာဉ်လိုင်းခရီးစဉ်ပြေးဆွဲခြင်းနှင့်လုံးဝ(လုံးဝ) သက်ဆိုင်ခြင်းမရှိပါ။ **နေကြယ်မင်း** (ရန်ကုန်-နေပြည်တော်-တပ်ကုန်း-ရမည်းသင်း) ခရီးစဉ်မှာ ၂၁-၄-၂၀၁၄ရက်မှ ပြန်လည်ဖွင့်လှစ်ပြေးဆွဲခြင်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **နေကြယ်မင်းအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး**

အောင်ပြည့်ခုံ

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770
09-5134770

ဖခင်အမည်မှန်

တာမွေမြို့နယ်၊ I.C.E.C ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှမောင်ပိုင်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးအေးချမ်းလွင် ဖြစ်ပါသည်။
ဦးအေးချမ်းလွင် ၁၂/ဗဟန(နိုင်)၀၈၁၃၀

အမည်ဖြည့်စွက်ခေါ်ဆိုပါရန်

ဦးခင်အောင် ၄/ကပလ(နိုင်)၀၀၅၅၁၄ ၏သမီး မအေးခင် ၄/ကပလ(နိုင်)၀၁၄၃၀၅ အား မအေးခင်(ခ)မမ္ဘာ့သင်းဟု ဖြည့်စွက်ခေါ်ဆိုပါရန်။
မမ္ဘာ့သင်း

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ စီအင်ကျေးရွာနေ မောင်သားသားဖူ၏ ဖခင်အမည်မှန်မှာ ဦးသောင်းဝူး ၈/ရစက(နိုင်)၁၂၀၃၃၉ ဖြစ်ပါသည်။
ဦးသောင်းဝူး

ကဏ္ဍပေါင်းစုံမှ ထူးချွန်သူများအတွက် ချီးမြှင့်သည့်ဆုကို နိုင်ငံ့စွမ်းဆောင်ရည်ဆုဟု ခေါ်ပါသည်

မဂ်လာတရားတော်အရ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်းသည် မဂ်လာတရားတော်နှင့်အညီ ဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတကလည်း မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု၊ စိုက်/မွေးဆိုင်ရာကဏ္ဍ၊ လူမှုရေးဆိုင်ရာကဏ္ဍ၊ စီးပွားရေးဆိုင်ရာကဏ္ဍနှင့် ပညာရပ်ဆိုင်ရာကဏ္ဍတို့တွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် ဆရာတော်၊ သံဃာတော်များ၊ လူပုဂ္ဂိုလ်များအား နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို ချီးမြှင့်ခဲ့သည်မှာ (၃)ကြိမ်မြောက်ခဲ့ပြီဖြစ်သည်။

မျိုးမြင့်၊ ကျော်သူထက်၊ ဟန်နိုဝင်း
ဓာတ်ပုံ-ကိုကိုစိုးညွန့်

ဗိုလ်မှူးချုပ်ကျော်ဇံမြင့်

ဒေါ်စုစုလှိုင်

ဒေါ်လဲ့လဲ့သိန်း

ဒေါက်တာဇော်မင်းအောင်

ဦးသိန်းအောင်

များမကြာမီ ကာလအတွင်း စတုတ္ထအကြိမ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို ပေးအပ်ချီးမြှင့်တော့မည်ဖြစ်သည်။

ထိုသို့ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်းခံရသူများမှာ ပရဟိတစိတ်ဓာတ်ဖြင့် မိမိအကျိုးစီးပွား၊ မိမိအသင်းအဖွဲ့ အကျိုးစီးပွားထက် အများပြည်သူ အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်ခဲ့ကြပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ပညာရပ်ဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသူများ ဖြစ်သည်ကို အပြောထက် အလုပ်ဖြင့် သက်သေပြခဲ့ပြီးဖြစ်သည်။

ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဒုတိယဝန်ကြီး မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ

ဆုရွေးချယ်တဲ့နေရာမှာ အဓိကကတော့ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး မြို့ပြ/ကျေးရွာကို ရွေးချယ်တာဖြစ်ပါတယ်။ မနှစ်ကအထိ ခုနစ်ဆုပေးခဲ့တာပါ။ ဒီနှစ်မှာ နှစ်ဆုထပ်တိုးပြီး ကိုးဆုချီးမြှင့်မှာပါ။ တိုးလာတဲ့ နှစ်ဆုက ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု ကော်မတီဆုနဲ့ ဖွံ့ဖြိုးတိုးတက်မှု စည်ပင်သာယာရေးကော်မတီဆုတွေပါ။ အဓိကကတော့ မြို့တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ဆိုင်တဲ့ကိစ္စတွေ၊ စံပြကျေးရွာဖြစ်ဖို့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ဆိုင်တဲ့ ကိစ္စတွေကို ပြည်သူလူထုတွေ၊ ဒေသမှာရှိတဲ့ အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ချက်တွေအပေါ် မူတည်ပြီး ဆုချီးမြှင့်တာ ဖြစ်ပါတယ်။

ဒေါ်စုစုလှိုင် ဒုတိယဝန်ကြီး လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ

အမှတ်ပေး စည်းမျဉ်းတွေကို လုပ်ငန်းကော်မတီတွေအပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေနဲ့လည်း သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ဒီနှစ်မှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်တွေက တင်ပြလာတဲ့ အသင်းအဖွဲ့တွေ၊ ဖောင်ဒေးရှင်းတွေ၊ သက်စွန့်ကြိုးပမ်းစွမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်တာဖြစ်ပါတယ်။ နောက်တစ်ခုက သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက တင်ပြလာတဲ့ အဖွဲ့အစည်းတွေကိုလည်း စိစစ်ရွေးချယ်တာဖြစ်ပါတယ်။ လုပ်ငန်းကော်မတီအနေနဲ့ နောက်ဆုံးရက်မတိုင်ခင် နှစ်လအလိုကတည်းက လုပ်ငန်းစဉ်တွေကို ကော်မတီဝင်တွေက ညှိနှိုင်းပြီးတော့ ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ အဲလိုပဲ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့တွေထံမှာ လူမှုရေး လုပ်ငန်းနဲ့ပတ်သက်ပြီး ဆောင်ရွက်တဲ့ အဖွဲ့တွေ၊ သက်စွန့်ကြိုးပမ်းကယ်တင်သူတွေကို တောင်းခံပါတယ်။ ဝန်ကြီးဌာနတွေကိုလည်း တောင်းခံပါတယ်။ ပြီးတော့ ကွင်းဆင်းစိစစ်ပါတယ်။ ရွေးချယ်ပါတယ်။

ဒီလိုရွေးချယ်ရာမှာ ပြည်သူတွေရဲ့ ချွေးနဲ့စာနဲ့ ထည့်ဝင်ပြီးတော့ ဒေသတွင်းမှာရှိတဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဆောင်ရွက် ပေးတဲ့အသင်းအဖွဲ့တွေကို တွေ့ရပါတယ်။ ဒီနေရာမှာ သူတို့က တစ်ဦးကောင်း တစ်ယောက်ကောင်းလုပ်တဲ့သူ မဟုတ်ဘဲနဲ့ အများနဲ့ပူးပေါင်းပြီး လုပ်တာတွေ့ရတယ်။ ဒီအထဲမှာ အသက်ကြီးရင့် သူတွေ၊ လူငယ်လူရွယ်တွေရော ရဟန်းသံဃာတွေရော ပါဝင်တာ တွေ့ရတာဖြစ်တဲ့အတွက် တိုင်းပြည်အတွက် ချစ်ခင်မြတ်နိုးစိတ်တွေ၊ ပူးပေါင်းဆောင်ရွက်လိုတဲ့ စိတ်တွေကို တွေ့ရှိခဲ့ရပါတယ်။ နောက်ပြီး ပရဟိတစိတ်နဲ့ ကိုယ်ကျိုးစွန့်လုပ်တဲ့သူတွေကို တွေ့ရတဲ့အတွက် နိုင်ငံအတွက် ကောင်းမွန်တဲ့ လူသားအရင်းအမြစ်တွေ ရရှိမှာဖြစ်ပါတယ်။

လူမှုရေးဆိုင်ရာ ဆုတွေမှာ နိုင်ငံတော်နဲ့ ပြည်သူတို့၏ လူမှုရေးအကျိုးပြု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု၊ အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူ ဆုနဲ့ နိုင်ငံဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆုတွေ ချီးမြှင့်မှာဖြစ်ပါတယ်။

ဒေါ်လဲ့လဲ့သိန်း ဒုတိယဝန်ကြီး စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ

တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ အခွန်ဘဏ္ဍာအနေနဲ့ အခွန်အများဆုံး ထမ်းဆောင်နိုင်တဲ့ လုပ်ငန်းတွေ၊ ထူးချွန်တဲ့ အကျိုးအမြတ်မယူတဲ့ အသင်းအဖွဲ့တွေ အကျိုးအမြတ်ယူတဲ့ အသင်းအဖွဲ့တွေကို ရွေးချယ်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ပြီးတော့ ပို့ကုန်အများဆုံး တင်ပို့နိုင်တဲ့လုပ်ငန်းတွေ၊ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်တဲ့လုပ်ငန်းတွေ၊ အသေးစား အလတ်စားလုပ်ငန်းတွေထဲက ထူးချွန်တဲ့လုပ်ငန်းတွေ၊ ပြီးတော့ ဝန်ဆောင်မှုပေါ်မှာ ထူးချွန်တဲ့ လုပ်ငန်းတွေကို ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် အားလုံးက စိစစ်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ဒေါက်တာဇော်မင်းအောင် ဒုတိယဝန်ကြီး ပညာရပ်ဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ

ပညာရပ်ဆိုင်ရာ ဆုရွေးချယ်မှုအခြေအနေအပေါ် ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ အသုံးချနိုင်တဲ့ သုတေသနနဲ့ နိုင်ငံကိုအကျိုးပြုနိုင်တဲ့ သုတေသနတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်ကို စိစစ်ရပါတယ်။ စိစစ်တဲ့အခါမှာလည်း စိစစ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ အားလုံးကိုလည်း ဘာသာရပ်နယ်ပယ်အားလုံးက ပညာရှင်တွေပါဝင်ပြီးတော့ မူကြမ်းပြုစုပါတယ်။ နောက် တိုင်းဒေသကြီး၊ ပြည်နယ်တွေကို သဘောထားမှတ်ချက်တောင်းပြီးတော့မှ ဒီအတိုင်း စိစစ်ဖို့ ဆောင်ရွက်ပါတယ်။ နိုင်ငံ့အကျိုးပြု အသုံးချသုတေသနကို စိစစ်နိုင်ဖို့အတွက် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကနေပြီး အားလုံးပါဝင် အကြံပြု ရွေးချယ်နိုင်အောင် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုက နေပြီးတော့ ပဏာမအနေနဲ့ သုံးဦးစီကို အဆိုပြု တင်ပြစေပါတယ်။ တင်ပြပြီးတဲ့အခါမှာ ကျွန်တော်တို့က အဖွဲ့ သုံးဖွဲ့ခွဲပါတယ်။ အဖွဲ့တစ်ဖွဲ့မှာလည်း စိစစ်တဲ့သူက ကိုးဦးပါဝင်ပါတယ်။ ပညာရပ်ဆိုင်ရာမှာလည်း ပညာရပ်နယ်ပယ်အသီးသီးက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သစ်တောစတဲ့ ဘာသာရပ်ပေါင်းစုံကပါတဲ့ ပညာရှင်တွေနဲ့ ပဏာမ ထပ်ပြီးတော့ စိစစ်ပါတယ်။ စိစစ်ပြီးတော့မှ လုပ်ငန်းကော်မတီမှာ ပြန်စိစစ်ပါတယ်။ အဲဒီမှာ စိစစ်ပြီးတော့မှ ရွေးချယ်တင်ပြတဲ့အပိုင်းကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ နိုင်ငံတော်ကို အကျိုးပြုနိုင်တဲ့ အသုံးချသုတေသနရှိသလောက် ဆုချီးမြှင့်ဖို့ အတွက် အဆိုပြုသွားချင်ပါတယ်။ အဲဒီအပေါ်မှာလည်း နိုင်ငံတော်အဆင့် ပေးရတာဖြစ်တဲ့အတွက် နိုင်ငံရဲ့အနေအထားနဲ့ နိုင်ငံတစ်ဝန်းလုံးကို ဘယ်လောက်အကျိုးပြုနိုင်သလဲ ဆိုတဲ့အပေါ်မှာ မူတည်ပြီးတော့ ဦးစားပေးအစီအစဉ်အလိုက် တင်ပြသွားဖို့ ဆောင်ရွက်ထားပါတယ်။

ဦးသိန်းအောင် ဒုတိယဝန်ကြီး စီးပွားရေးဆိုင်ရာဆုချီးမြှင့်ရေး ဥက္ကဋ္ဌ

တိုင်းဒေသကြီးနှင့် ပြည်နယ်တွေကို မတ်လနှင့် ဧပြီလဆန်းတွေမှာ ကွင်းဆင်းပြီးတော့ စစ်ဆေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပထမအဆင့် စိစစ်တဲ့နေရာမှာ နိုင်ငံတော်သမ္မတက နေပြီးတော့ နိုင်ငံ့စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး ဆုပေးနိုင်တဲ့သူများ ဖြစ်သင့်ပါတယ်။ တချို့ကတော့ ဝင်ပြိုင်ပေမယ့်လည်း ဆုအဆင့်အနေနဲ့ သတ်မှတ်လို့မရတာတွေလည်း ရှိပါတယ်။

စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ရင် သန်း ၅၀၀ အထိဆိုရင် အသေးစား၊ သန်း ၅၀၀ ကနေ သန်း ၁၀၀၀ အထိ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အလတ်စားပါ။ သန်း ၁၀၀၀ အထက် ရင်းနှီးမယ်ဆိုရင် အကြီးစားဖြစ်ပါတယ်။ ဒီနှစ်ကတော့ အသေးစားနဲ့ အလတ်စားကိုပဲ ဆုပေးတာဖြစ်ပါတယ်။ ဒီနှစ် ထူးခြားတာကတော့ ဆုအားလုံးပေါင်း သုံးဆုဖြစ်ပါတယ်။ ကွင်းဆင်းဆောင်ရွက်တဲ့အခါ တွေ့ရတာက အသေးစားမှာ ကုန်ထုတ်လုပ်မှု တစ်ခု၊ ဝန်ဆောင်မှုတစ်ခု၊ အလတ်စားမှာလည်း ကုန်ထုတ်လုပ်မှုတစ်ခု၊ ဝန်ဆောင်မှုတစ်ခု ပေးဖို့ ဆိုပြီး တင်ပြခဲ့ပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်က ဝန်ကြီးများအပါအဝင် တာဝန်ရှိသူတွေနဲ့ အသေးစိတ် ကျေကျေလည်လည် ညှိနှိုင်းဆွေးနွေးပြီးတော့မှ နိုင်ငံတော်သမ္မတရဲ့ နိုင်ငံ့စွမ်းဆောင်ရည်ဆု ပေးသင့်တဲ့သူတွေကို ပေးရအောင် ဒီကနေ့ အစည်းအဝေးမှာ တင်ပြဆွေးနွေးအတည်ပြုခြင်းဖြစ်ပါတယ်။ တကယ်ပဲ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးစေချင်တယ်။ ပို့ကုန်လုပ်ငန်းတွေကိုလည်း ဖွံ့ဖြိုးစေချင်တယ်။ တန်ဖိုးမြင့် ထုတ်ကုန်တွေကိုလည်း တိုးမြင့်ပြီးတော့ ဆောင်ရွက်စေချင်တယ်။ အလားတူ အသင်းအတွက် ဆုတွေကိုလည်း ဒီထက်တိုးပြီး ဆောင်ရွက်စေချင်တယ်ဆိုတဲ့ နိုင်ငံတော်သမ္မတရဲ့ ကြီးမားတဲ့ အမြော်အမြင်ရှိမှုကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက တက်တက်ကြွကြွနဲ့ ပါဝင်ပြီးတော့ ပူးပေါင်းဆောင်ရွက်လာတာ တွေ့ရပါတယ်။

အနှစ်ချုပ်ဆိုရသော် ကဏ္ဍပေါင်းစုံတွင် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ကြသူများအား နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းအားဖြင့် ဘက်ပေါင်းစုံမှ ထူးချွန်သူများစွာ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း။ ။

အင်းလေးအပန်းဖြေစခန်းသို့ သွားရောက်မည့် ဘက်စုံပညာထူးချွန်လူငယ်များ မန္တလေးမှ ဧပြီ ၂၅ ရက် စတင်ထွက်ခွာမည်

မန္တလေး ဧပြီ ၂၄

ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက်အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ဘက်စုံပညာ ထူးချွန်လူငယ်များကို စိစစ်ရွေးချယ်ပြီး ၄င်းဘက်စုံထူးချွန်လူငယ်များအတွက် ပုဂံအပန်းဖြေစခန်း၊ အင်းလေးအပန်းဖြေစခန်းနှင့် ငွေဆောင်အပန်းဖြေစခန်းများဖွင့်လှစ်ပြီး လေ့လာရေးခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ရာ အင်းလေးအပန်းဖြေစခန်းသို့ သွားရောက်မည့် နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များအနေဖြင့် ဧပြီ ၂၅ ရက် (**ယနေ့**)နံနက်ပိုင်းမှ စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့မှာ ဘက်စုံပညာထူးချွန်လူငယ် စုစုပေါင်း ၁၉၄ ဦး ပါဝင်တယ်။ အားလုံး မန္တလေးအထက(၁)မှာ ဆုံတယ်။ ဧပြီ ၂၅ ရက် မနက် ၇ နာရီမှာ အင်းလေးအပန်းဖြေစခန်းသို့ ကားစီးပြီး ထွက်ခွာမှာ ဖြစ်ပါတယ်။ အင်းလေးမှ မထွက်ခွာမီ မန္တလေးမဟာမြတ်မုနိ ရုပ်ရှင်တော် မြတ်ဘုရားကြီးကို နာရီဝက်ခန့် အချိန်ယူပြီး ဝင်ဖူးဦးမှာဖြစ်ပါတယ်" ဟု အဆိုပါအဖွဲ့မှ ကြီးကြပ်ဆရာတစ်ဦး ဖြစ်သည့် ဦးမြင့်အောင်က မြန်မာ့အလင်းသို့ ပြောသည်။

ယခုနှစ်အတွက် အဋ္ဌမတန်း ဘက်စုံပညာထူးချွန် လူငယ်များအတွက် ပုဂံအပန်းဖြေစခန်း၊ နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များအတွက် အင်းလေးအပန်းဖြေစခန်းနှင့် ဒသမတန်းဘက်စုံပညာ ထူးချွန်လူငယ်များအတွက် ငွေဆောင်အပန်းဖြေစခန်းတို့ကို ဧပြီ ၂၅ ရက်မှ မေ ၅ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး စခန်းဝင်စဉ်ကာလအတွင်း ကင်းထောက်သင်တန်းပေးခြင်း၊ လူရည်ချွန်ဟောင်းများနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် လေ့လာရေး ခရီးစဉ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၁၉၆၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် လူရည်ချွန်စီမံကိန်း အစီအစဉ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်ဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့သည်။ ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ဘက်စုံပညာထူးချွန်လူငယ် ၅၂ ဦး စိစစ်ရွေးချယ်ထားကြောင်း သိရသည်။ **တင်မောင်လွင်(မြန်မာ့အလင်း)**

မြစ်ကြီးနားမြို့ ACHC ကုမ္ပဏီမှ တာဝန်ယူကာ ဧပြီ ၂၄ ရက်က အောင်မြင်သာစံပြကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး အသိပညာပေးဟောပြောပြီး ၄က်ဖျားရောဂါရှိ/မရှိ သွေးဖောက် စစ်ဆေးကာ ၄က်ဖျားပိုးတွေ့ရှိသူများအား အခမဲ့ဆေးဝါးများ ကုသပေးနေစဉ်။

မိုးယံးကျ(မြစ်ကြီးနား)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရှေမန်း အမေရိကန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရှေမန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၅၉)ရှိ လွှတ်တော်ရုံးခွဲ (ရန်ကုန်) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာဝုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

မေ ၁၂ ရက်နှင့် ၁၃ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ချန်ပီယံလီဂ်ဖိုင်နယ်ပွဲစဉ်ကို (၁၃)ကြိမ်မြောက် တက်ရောက်ခဲ့ပြီး ၁၀ ကြိမ် ဖလားရရှိကာ သုံးကြိမ်က ဒုတိယဖြင့်သာကျေနပ်ခဲ့ရသည်။

ဂျူဗင်တပ်စ်အသင်းမှာ ခုနစ်ကြိမ် ဖိုင်နယ်တက်ရောက်ပြီး ဖလားနှစ်ကြိမ်သာရရှိကာ ဒုတိယငါးကြိမ်ရရှိထားသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဖိုင်နယ်ပွဲစဉ်ကို (၁၀) ကြိမ်တက်ရောက်ခဲ့ပြီး ငါးကြိမ်ဖလားရရှိကာ ငါးကြိမ် ဒုတိယရထားသည်။

ဘာစီလိုနာအသင်းမှာလည်း ခုနစ်ကြိမ်တက်ရောက်ခဲ့ကာ လေးကြိမ် ဖလားရရှိပြီး သုံးကြိမ်ဒုတိယရထားသည်။ ချန်ပီယံလီဂ်ဖိုင်နယ်ပွဲစဉ်ကို ဇွန် ၆ ရက်တွင် ဘာလင်မြို့ အိုလံပီယာကွင်း၌ ယှဉ်ပြိုင်ကျင်းပမည်ဖြစ်သည်။

ချန်ပီယံလီဂ်နှင့်တစ်ချိန်တည်း ယူရိုပါလီဂ်ဆီမီးဖိုင်နယ်ပွဲစဉ်ကို မဲန္ဒိုက်ရွေးချယ်ခဲ့ရာတွင် အီတလီကလပ် နာပိုလီနှင့် ယူကရိန်းကလပ် ဒီနီပရိုအသင်းတို့ကျရောက်ပြီး စပိန်ကလပ် ဆီဗီလာနှင့် အီတလီကလပ် ဖီအိုရင်တီးနားအသင်းတို့ တွေ့ဆုံမည်ဖြစ်သည်။

ယူရိုပါလီဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်ကို မေ ၇ ရက်တွင် နှစ်ပွဲစလုံး ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဒုတိယအကျော့ ပွဲစဉ်ကို မေ ၁၄ ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယူရိုပါလီဂ်ဖိုင်နယ်ပွဲစဉ်ကို မေ ၂၇ ရက်တွင် ဝါဆောမြို့ နာရိုဒိုဝိုင်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အလုပ်သမားနှင့်အလုပ်ရှင်ကြား ဖြစ်ပေါ်နေသည့်ကိစ္စရပ်များ ပွင့်ပွင့်လင်းလင်းဆောင်ရွက်ပါက ထိုက်သင့်သည့်အခြေအနေရရှိမည်

ရန်ကုန် ဧပြီ ၂၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရှေမန်းသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမ၌ လှိုင်သာယာစက်မှုဇုန်မှ အလုပ်ရှင်၊ အလုပ်သမားများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်နှင့် ဒေါ်ဝင်းမော်ထွန်း၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လှိုင်သာယာ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ လှိုင်သာယာစက်မှုဇုန်မှ အလုပ်ရှင်နှင့် အလုပ်သမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရှေမန်းက လှိုင်သာယာစက်မှုဇုန်သို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ပထမအကြိမ်လာရောက်ခဲ့ပြီး စက်မှုဇုန်ကော်မတီ၏ ဖိတ်ကြားမှုအရ ဒုတိယအကြိမ်လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ယနေ့ကာလသည် မိမိတို့နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဖော်ဆောင်နေချိန် ဖြစ်ပါကြောင်း၊ အခွင့်သာခိုက်တွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် တည်ဆောက်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ရိုးသား၊ ကြိုးစား၊ ပြည်သူ့အားဖြင့် တည်ဆောက်ရန် လိုအပ်ပါကြောင်း။

ပြည်သူများဟု ဆိုရာတွင် နိုင်ငံဝန်ထမ်းများ၊ ပုဂ္ဂလိက အလုပ်ရှင်၊ အလုပ်သမားများ၊ တောင်သူလယ်သမားများနှင့် အခြားအခြားသော အလုပ်သမားများ ပါဝင်ပါကြောင်း၊ အဆိုပါ အလုပ်သမားများ ထိုက်သင့်သည့် ဝင်ငွေရရှိရန် လိုအပ်သကဲ့သို့ ၎င်းတို့ကို မှီခိုနေရသည့် သက်ကြီးရွယ်အိုနှင့် မိသားစုဝင်များ၏ စားဝတ်နေရေးအတွက်လည်း စဉ်းစားပေးရမည် ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် အကြောင်းအရာ (၄)ခု ပါဝင်သည့် အရေးကြီးအဆို တင်သွင်းခဲ့ပါကြောင်း။

ယင်းအဆိုတွင် နိုင်ငံ့ဝန်ထမ်းများ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာနှင့် အညီ လစာတိုးမြှင့်ရရှိရေး၊ တစ်နိုင်ငံလုံး၏ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ရေး ဥပဒေအရ ဥပဒေပါ အခွင့်အရေးများ ခံစားခွင့်ရရှိရေး၊ အလုပ်သမားများ၏ လုပ်ခလစာကို အနည်းဆုံး အခကြေးငွေဥပဒေနှင့် အညီ ဆောလျင်စွာ သတ်မှတ်ပေးရေး၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ထိုက်သင့်သည့် ခိုးမြှင့်ငွေရရှိရေးအချက်များ ပါဝင်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ တိုက်တွန်းတောင်းဆိုချက်အရ နိုင်ငံ့ဝန်ထမ်းများနှင့် ပင်စင်စားများအား နိုင်ငံတော်၏ ဓနအင်အားပေါ်မူတည်၍ လစာတိုးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ မျှော်လင့်သလောက် မဖြစ်သော်လည်း ထိုက်သင့်သလောက် ဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း။

ယခုအခါ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးရန် ပြင်ဆင်ဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း၊ တောင်သူလယ်သမားများအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ အလုပ်သမားများအတွက်လည်း လုပ်ဆောင်ပေးရန် ကျန်ရှိနေပါကြောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း တွေ့ဆုံခဲ့စဉ်က အလုပ်ရှင်၊ အလုပ်သမားနှင့် အစိုးရကိုယ်စားလှယ်များ ညှိနှိုင်းမှုအရ အချို့ကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ခဲ့၍ ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ပြန်လည်တွေ့ဆုံစဉ် ဖြေရှင်းရန် ကျန်ရှိသည့် ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရမည်ဟု ခံယူပါကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ အများဆန္ဒအရ တစ်ဖက်နှင့် တစ်ဖက် အပေးအယူ လုပ်ဆောင်ခြင်းပင်ဖြစ်ပါကြောင်း၊ ကျန်ရှိနေသည့် အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရကိုယ်စားလှယ်များအနေဖြင့် အလုပ်သမားနှင့် အလုပ်ရှင်ကြား ဖြစ်ပေါ်နေသည့် ကိစ္စရပ်များကို လာသည့် အကျိုးစီးပွားများသည် နိုင်ငံတော်အတွက် ပင်ဖြစ်ကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများ အနေဖြင့် တစ်ဖက်နှင့်တစ်ဖက် ရန်သူကဲ့သို့ သဘောမထားဘဲ မိတ်ဖက်ကဲ့သို့ သတ်မှတ်ဆက်ဆံကြရန်လိုကြောင်း။

လွှတ်တော်အနေဖြင့် ပြည်သူ့ဘက်မှ အမြဲရပ်တည်လျက်ရှိပါကြောင်း၊ ပြည်သူများ၏ အကျိုးစီးပွားများသည် နိုင်ငံတော်အတွက် ပင်ဖြစ်ကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများ အနေဖြင့် တစ်ဖက်နှင့်တစ်ဖက် ရန်သူကဲ့သို့ သဘောမထားဘဲ မိတ်ဖက်ကဲ့သို့ သတ်မှတ်ဆက်ဆံကြရန်လိုကြောင်း။

ထွန်းက အနည်းဆုံးအခကြေးငွေ သတ်မှတ်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် အလုပ်ရှင်၊ အလုပ်သမားများအကြား ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလုပ်သမားကိုယ်စားလှယ်များ ဖြစ်ကြသော ဒေါ်တင်မိုးခိုင် (Sakura အထည်ချုပ်စက်ရုံ)၊ ဦးဝင်းဇော် (မော်ဘီ JCB စက္ကူပုံးစက်ရုံ)၊ ဦးပြည့်ဖြိုးအောင် (East Growth အထည်ချုပ်စက်ရုံ)နှင့် ဒေါ်ကြည်ကြည်ထွန်း (New Way အထည်ချုပ်စက်ရုံ)တို့က အလုပ်သမားများ၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အလုပ်ရှင်ကိုယ်စားလှယ်များဖြစ်ကြသော လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးလွင်နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးအေးလွင်တို့က ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရှေ့ပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က တင်ပြချက်များအပေါ် အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အလုပ်ရှင် ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များ၏ တင်ပြချက်များနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရှေမန်း လှိုင်သာယာစက်မှုဇုန်တွင် အလုပ်သမားများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

အာရှနှင့် အာဖရိက တိုက်ကြီးနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန်လို

နှစ်(၆၀)ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံ၌ အာရှနိုင်ငံများကိုယ်စား နိုင်ငံတော်သမ္မတဦးသိန်းစိန် မိန့်ခွန်းပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှစ်(၆၀)ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှစ်(၆၀)ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံတက်ရောက်ရန် ဘန်ဒေါင်းလေဆိပ်သို့ရောက်ရှိရာ ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

နေပြည်တော် ဧပြီ ၂၄

ဂျကာတာမြို့၌ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နှစ်(၆၀)ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံသို့ တက်ရောက်ရန် ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် ဂျကာတာမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဘန်ဒေါင်းမြို့သို့ နံနက် ၇ နာရီ ၂၅ မိနစ်တွင် ရောက်ရှိကြသည်။

နှစ်(၆၀)ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံကို နံနက် ၉ နာရီခွဲတွင် ဘန်ဒေါင်းမြို့ Gedung Merdeka ရှိ အာရှ-အာဖရိက ထိပ်သီးညီလာခံပြတိုက်၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နှစ်(၆၀)ပြည့် အာရှ- အာဖရိက ထိပ်သီးညီလာခံ၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ကြွယ်ဝချမ်းသာမှုမြှင့်တင်ရန်၊ အာရှ-အာဖရိက ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်တို့ ဖြစ်သည်။

အခမ်းအနားတွင် အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို့က မိန့်ခွန်းပြောကြားသည်။

ထို့နောက် အာဖရိကနိုင်ငံများကိုယ်စား ဇင်ဘာဘွေနိုင်ငံသမ္မတ ရောဘတ်မူဂါဘီက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် အာရှနိုင်ငံများကိုယ်စား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် မိမိအနေဖြင့် ၁၉၅၅ ခုနှစ် အာရှ-အာဖရိက အစည်းအဝေး၏ နှစ်(၆၀)ပြည့် အခမ်းအနားတွင် ယခုကဲ့သို့ မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ အာရှ-အာဖရိက အစည်းအဝေး နှစ်(၆၀)ပြည့် အခမ်းအနားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ သမိုင်းဝင်အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ပြည်သူတစ်ရပ်လုံးကလည်း နွေးထွေးစွာ နှုတ်ခွန်းဆက်သပြီး ဆုမွန်ကောင်းများ ပို့သလိုက်ပါကြောင်း၊ မိမိအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တန်းတူညီမှုရှိရေး ပိုမိုတောင့်တင်းခိုင်မာလာရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် အာရှနှင့် အာဖရိကခေါင်းဆောင်အဆက်ဆက်ကိုလည်း အထူးပင် လေးစားဂုဏ်ယူပါကြောင်း၊ ၎င်းတို့၏ စွမ်းဆောင်မှုများကို ကျေးဇူးတင်လျက်ရှိနေပါကြောင်း။

အာရှ-အာဖရိကတို့ အကြားကာလရှည်ကြာသည့် ချစ်ကြည်ရင်းနှီးမှုနှင့် အောင်မြင်သည့် မိတ်ဖက်ဆက်ဆံမှုကို အာရှ-အာဖရိက၏ ညီညွတ်မှု မြို့တော်ဖြစ်သည့် ဘန်ဒေါင်းမြို့တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ က ပြုလုပ်ခဲ့သည့်

စာမျက်နှာ ၉ ကော်လံ ၁ သို့

စာမျက်နှာ ၈ မှ

အာရှ-အာဖရိက အစည်းအဝေးဖြင့် စတင်ခဲ့ခြင်းလည်း ဖြစ်ပါကြောင်း။

ဒုတိယကမ္ဘာစစ်ကြီးအပြီးနှင့် စစ်အေးတိုက်ပွဲ အစပိုင်းကာလများတွင် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများသည် လွတ်မြောက်ရေး လှုပ်ရှားမှုနှင့် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ကြပါကြောင်း၊ ယင်းကာလအတွင်း လွတ်လပ်ရေးရစနိုင်ငံများ၏ တူညီထက်သန်သည့် ဆန္ဒမှာ တန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုကို အခြေခံသည့် နိုင်ငံတကာဆက်ဆံရေး ပုံစံသစ်တည်ဆောက်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေးတို့ပင် ဖြစ်ပါကြောင်း။

၁၉၅၅ ခုနှစ် ဧပြီ ၂၄ ရက်တွင် ပထမအကြိမ် အာရှ-အာဖရိက အစည်းအဝေးကို ကျင်းပခဲ့ကြပါကြောင်း၊ ပထမအကြိမ် ဘန်ဒေါင်းညီလာခံဖြစ်မြောက်ရန် ဆောင်ရွက်ခဲ့သည့် နိုင်ငံငါးနိုင်ငံထဲတွင် မြန်မာနိုင်ငံကလည်း တစ်နိုင်ငံအနေဖြင့် ပါဝင်ခဲ့သည်ကို မိမိတို့အနေဖြင့် များစွာဂုဏ်ယူမိပါကြောင်း။

ပထမအကြိမ် ဘန်ဒေါင်းအစည်းအဝေးတွင် မိမိတို့၏ ခေါင်းဆောင်ကြီးများသည် ဘန်ဒေါင်းမူကြီးများကို မဟာဗျူဟာအမြင်ဖြင့် အချိန်နှင့် တစ်ပြေးညီချမှတ်ရန် ပြတ်သားစွာ ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ အချက် (၁၀) ချက်ပါသည့် ကြေညာချက်ကို ယင်းအစည်းအဝေးတွင် အတည်ပြုခဲ့ကြပါကြောင်း၊ ယင်းမူကြီးများသည် နိုင်ငံတကာဆက်ဆံရေး ပုံစံသစ်ကို ပေးနိုင်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့်နှစ်များအတွင်း နိုင်ငံတကာဆက်ဆံရေး နယ်ပယ်၏ အခန်းကဏ္ဍတော်တော်များများတွင် သိသာထင်ရှားသည့် တိုးတက်မှုများကို တွေ့မြင်ခဲ့ကြရပါကြောင်း၊ တစ်ချိန်တည်းမှာပင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများသည်လည်း လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ထက် ပိုမိုရှုပ်ထွေးလာသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးခြင်း၊ ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ ကူးစက်ရောဂါများ၊ ပတ်ဝန်းကျင်ထိခိုက်မှု၊ သဘာဝဘေးအန္တရာယ်များ၊ ရေရှားပါးမှုနှင့် သဲကန္တာရပေါ်ထွန်းခြင်း စသည်တို့သည် အများက စိုးရိမ်ပူပန်လျက်ရှိကြသည့် ပြဿနာများဖြစ်ပြီး ပူးပေါင်းဖြေရှင်းသွားရမည့် ကိစ္စရပ်များ ဖြစ်ပါကြောင်း။

ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ခရီးသွားလုပ်ငန်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ နည်းပညာ၊ စွမ်းအင်၊ ကျန်းမာရေး၊ သယံဇာတ၊ ဆောင်ရေး၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်နှင့် ငါးလုပ်ငန်း စသည့် ကဏ္ဍများတွင်လည်း အာရှနှင့် အာဖရိကတိုက်ကြီးနှစ်ခုအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း။

မိမိတို့ ပြီးခဲ့သည့်နှစ်ရက်က ဂျကာတာမြို့၌ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုခိုင်မာရေး ခေါင်းစဉ်အောက်တွင် ၂၀၁၅ ဘန်ဒေါင်းကြေညာချက်၊ အာရှ-အာဖရိက မဟာဗျူဟာမိတ်ဖက်သစ် ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်အားသစ်လောင်းသည့် ကြေညာစာတမ်းနှင့် ပါလက်စတိုင်းဆိုင်ရာ ကြေညာစာတမ်း စသည့် ကြေညာစာတမ်းသုံးခုကို အတည်ပြုခဲ့ကြပါကြောင်း။

ထို့အတူ ၁၉၅၅ ခုနှစ် အာရှ-အာဖရိက အစည်းအဝေး အပြီးသတ်ကြေညာစာတမ်းပါ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ဆိုသည့် မူဝါဒကို ဆက်လက်ထိန်းသိမ်းသွားကြရန်နှင့် ၂၀၀၅ ခုနှစ် ဧပြီလတွင် အတည်ပြုခဲ့သည့် အာရှ-အာဖရိက မိတ်ဖက်သစ် ပူးပေါင်းဆောင်ရွက်ရေး ဘန်ဒေါင်း ကြေညာချက်တို့ကို ဆက်လက်လုပ်ဆောင်သွားကြရန် ထပ်လောင်းကတိပြုခဲ့ကြပါကြောင်း။

ဘန်ဒေါင်းစိတ်ဓာတ်ဖြစ်သည့် စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေခံမူများသည်လည်း အာရှ-အာဖရိကနိုင်ငံများအကြား ထိရောက်ခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ လေ့လာသူနိုင်ငံများကိုယ်စား ဗင်နီဇွဲလားနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟော်ဟဲယားရစ်ဇာက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဆွာဇီလန်ဘုရင်တတိယမြောက်ဆွာတီ၊တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရီကျင့်ဖျင်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုတို့က ဘန်ဒေါင်းကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား ယဉ်ကျေးမှုရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရှုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား အင်ဒိုနီးရှားနိုင်ငံ သမ္မတနှင့် အနောက်ဂျာဗားမြို့တော်ဝန်တို့က နေ့လယ်စာဖြင့် တည်ခင်းကျွေးခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဘန်ဒေါင်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ည ၈ နာရီ မိနစ် ၂၀ တွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ကြိုဆိုကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့်တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ဆိုလာစနစ်ဖြင့် မင်းရွာဆိပ်ကြီးတစ်ရွာလုံး လျှပ်စစ်မီးရရှိ

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မင်းရွာဆိပ်ကြီးကျေးရွာတွင် ဘယ်လ်ဂျီယံနိုင်ငံ Bright Foundation ၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သော ဆိုလာစနစ်ဖြင့် ကျေးရွာလျှပ်စစ်မီး ဖွင့်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက အမှာစကားပြောကြားပြီး Bright Foundation မှ Mr.Banjamin နှင့် Mr.Nardo တို့က ဆိုလာစနစ်နှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ဘက်ထရီနှင့် LED မီးအိမ်များကို ကျေးရွာသို့ လွှဲပြောင်းပေးအပ်သည်။ မင်းရွာဆိပ်ကြီးကျေးရွာ ဆိုလာလျှပ်စစ်မီးကို ဘယ်လ်ဂျီယံနိုင်ငံ Bright Foundation က ပံ့ပိုးလျှုဒါန်းခြင်းဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၆၀၀၀၀ ကျော်ကုန်ကျကြောင်း သိရသည်။ **ခင်ဇော်(မင်္ဂလာ)**

မိတ္ထီလာမြို့နယ်တွင် ဧပြီ ၂၄ ရက်က မြန်မာ့ရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်မှုများ၊ လှည်းယဉ်ကြော့များဖြင့် ထူးခြားသည့်အလှုပ္ပဒွတစ်ခု မြို့နယ်တွင်း၌ လှည့်လည်ရာ လမ်းဘေးဝဲယာမှပြည်သူများ စိတ်ဝင်တစားကြည့်ရှုနေသည်ကို တွေ့ရစ်၌။ ချမ်းသာ(မိတ္ထီလာ)

အင်းလေးဖောင်တော်ဦး ဘုရားဝန်းကျင်ရှိ ရွာများသို့သွားသည့်ရေလမ်း စက်လှေများမောင်းနှင်နိုင်ခြင်းကြောင့် ဘုရားဖူးများ အသွားအလာမပျက် စည်ကား

ညောင်ရွှေ ဧပြီ ၂၄

ဧပြီ ၂၄ ရက် နံနက် ၇ နာရီက ညောင်ရွှေမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ရှိ အင်းလေးကန်ရေတည်ရှိမှု အခြေအနေကို ကွင်းဆင်းလေ့လာကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ပြီး အင်းလေးကန်အတွင်း အဓိကထင်ရှားသော အင်းလေးကန်ဖောင်တော်ဦးဘုရားသို့သွားရာ ရေလမ်းကြောင်း၊ အလိုတော်ပေါက်ဘုရားသို့သွားရာ ရေလမ်းကြောင်း၊ အင်းပေါခုံရက်ကန်းရုံသို့သွားရာ ရေလမ်းကြောင်းတို့မှာ ရေများစွာရှိနေပြီး သွားလာရေး အဆင်ပြေလျက်ရှိနေသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

အင်းလေးဖောင်တော်ဦးဘုရား၏ စောင်းတန်းစက်လှေဆိပ်ထိ ရေများရှိနေပြီး ယနေ့တွင် စက်လှေအစင်း ၅၀ ခန့်နှင့် ဘုရားဖူးဧည့်သည် ၆၀၀ ခန့်လာရောက် ဖူးမြော်ကြကြောင်း၊ ဘုရားဖူးများသည် အလိုတော်ပေါက်ဘုရားသို့ လည်းကောင်း၊ အင်းပေါခုံကျေးရွာရက်ကန်းရုံသို့ လည်းကောင်း သွားရောက်လေ့လာလျက်ရှိကြောင်း သိရသည်။ အင်းလေးကန်ကမ်းစပ်အတွင်းပိုင်းကျရောက်သော ကျေးရွာအနည်းငယ်တို့တွင် ယခင်နှစ် မိုးရွာသွန်းမှု နည်းပါးသဖြင့် လည်းကောင်း၊ ယခုနှစ် နွေရာသီပူပြင်းသဖြင့် ရေနည်းပါးခိုက်ဖြစ်၍ လည်းကောင်း သွားလာမှု အနည်းငယ် ခက်ခဲလျက်ရှိကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၂၄

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက် ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲကျင်းပရန် နီးကပ်နေပြီဖြစ်သည့်အတွက် သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရန် အရှိန်အဟုန်မြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲကြီးစဉ်ဆက်မပြတ် ကျင်းပခြင်းသည် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ ထာဝစဉ်စံနှုန်းပြည့်ဝစေရန် ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်နေကြသည့် လုပ်ငန်းတစ်ရပ်အဖြစ် နှလုံးသွင်း ခံယူကြစေလိုပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တွဲဖက်အတွင်းရေးမှူးက ပြိုင်ပွဲကျင်းပရေးစီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

အဆိုပါပြိုင်ပွဲကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို ဌာန-၂ စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၊ သစ်တောတက္ကသိုလ်စုဝေးခန်းမ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၊ သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ-၁၊ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမနှင့် စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမတို့၌ မေ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်မည်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ၁၃၇၇ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၂ ရက် (စနေနေ့) နံနက် ၅ နာရီတွင် စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ ဦးဆောင်၍ ဆရာတော်၊ သံဃာတော် အပေါ်း ၅၀ ကျော်တို့က စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး ဆွမ်းတော်ကြီး ကပ်လှူပူဇော်ကြမည်ဖြစ်သည်။

စတုဒိသာအလှူများနှင့် လှူဒါန်းလိုသူများသည် စေတီတော်ဂေါပက ရုံးဖုန်း ၀၁-၂၉၀၄၂၅ နှင့် ၀၁-၂၉၄၀၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကိုချစ်

ရန်ကုန် ၁၀ မြို့နယ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းကြည့်ရှုသူ သုံးသောင်းကျော်ရှိ

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်(၁၀)မြို့နယ် အခြေခံမဲဆန္ဒရှင်စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး၍ ဆန္ဒမဲပေးနိုင်သူ မဲဆန္ဒရှင် နှစ်သိန်းလေးသောင်းကျော်ရှိကြောင်း သိရသည်။ မဲဆန္ဒရှင်စာရင်းကပ်ခဲ့သည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်း လာရောက်ကြည့်ရှုသူပေါင်း သုံးသောင်းတစ်ထောင်ကျော် ရှိခဲ့သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုထံမှ သိရသည်။

"စိတ်ပါဝင်စားမှု နည်းသလား၊ များသလားဆိုတာကိုတော့ ပြောဖို့ခက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသုံးသောင်းလာကြည့်လို့ ဒီသုံးသောင်းအတွက်ပဲလို့ ပြောလို့မရပါဘူး။ လူတစ်ယောက်တည်းက အသက် ၁၈ နှစ်ပြည့်ပြီးတဲ့ သူ့မိသားစုဝင်တွေနဲ့ အိမ်နီးနားချင်းတွေ အတွက်လည်း ကြည့်ပေးလို့ရတာ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပထမအဆင့်တွင် ၁၀ မြို့နယ်၊ ဒုတိယအဆင့်တွင် ၁၄ မြို့နယ်နှင့် တတိယအဆင့်တွင် ကျန် ၂၁ မြို့နယ်တို့ကို အဆင့်သုံးဆင့်ခွဲကာ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုလျက်ရှိသည်။

ပထမအဆင့် အခြေခံမဲဆန္ဒရှင်စာရင်းကောက်ယူခဲ့သည့် လမ်းမတော်၊ လသာ၊ ဒဂုံ၊ ဗိုလ်တထောင်၊ ကမာရွတ်၊ ကျောက်တံတား၊ ပုဇွန်တောင်၊ ဆိပ်ကမ်း၊ ဒေါပုံနှင့် ဆိပ်ကြီးခနောင်တို့မြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ မတ် ၃၀ ရက်မှ ဧပြီ ၁၂ ရက်အထိ စာရင်းထုတ်ပြန်ကြေညာခဲ့သည်။

လမ်းမတော်မြို့နယ်ရှိ အခြေခံမဲဆန္ဒရှင်စာရင်းတွင် ဆန္ဒမဲပေးနိုင်သူဦးရေ ၂၇၈၁၅ ဦးရှိပြီး မဲဆန္ဒရှင်စာရင်း လာရောက်ကြည့်ရှုသူဦးရေ ၂၇၂၀ ရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

လမ်းမတော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ အခြေခံမဲစာရင်းပြုစုသည့်လုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်။ ဓာတ်ပုံ-အငယ်လေး

၂၀၁၅ အထွေထွေရွေးကောက်ပွဲကျင်းပမည့် ရက်စွဲအတိအကျကို မကြေညာရသေးမီ ကာလအတွင်း၌ အခြေခံမဲဆန္ဒရှင်စာရင်း ကောက်ယူ၍ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။ သတ်မှတ်ထားသည့် မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာသည့် ကာလအတွင်း၌ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများအနေဖြင့် မဲဆန္ဒရှင်စာရင်းတွင် နာမည်မပါရှိပါက ပုံစံ (၃)၊ သေဆုံးပြီးသူများ မဲဆန္ဒရှင်စာရင်းတွင်ပါရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်နိုင်ပြီး မဲဆန္ဒရှင်စာရင်းတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာများ မှားယွင်းနေပါက ပုံစံ (၄-ဂ)ဖြင့် ပြင်ဆင်ရန် တောင်းဆိုရမည်ဖြစ်သည်။

လမ်းမတော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ပုံစံ(၃)တွင် ၃၄၁ ဦး၊ ပုံစံ(၄)တွင် ၁၂၅ ဦးနှင့် ပုံစံ(၄-ဂ) တွင် ၂၅၆ ဦး ရှိကြောင်း သိရသည်။

"ရွေးကောက်ပွဲ ကော်မရှင်ရဲ့ အခြေခံမဲစာရင်း ပြုစုတဲ့ပုံစံက အိမ်ထောင်စုဇယားတွေပေါ် အခြေခံပြီး မဲစာရင်းပြုစုတယ်။ လက်ရှိပြုစုတဲ့ နည်းစနစ်ပုံစံကြောင့်လည်း မဲစာရင်းကသွားပြီးကြည့်ဖို့ လိုကိုလိုအပ်ပါတယ်။ မဲစာရင်းမှာ ကိုယ့်နာမည်မပါရင် အသေချာဆုံး အချက်ကတော့ ရွေးကောက်ပွဲနေ့မှာ မဲထည့်လို့ ရမှာမဟုတ်ဘူး။ နောက်တစ်ခုကတော့ ဆုံးသွားတဲ့သူတွေ၊ ပြောင်းရွှေ့သွားတဲ့သူတွေ မဲစာရင်းမှာ ပါနေပြီး ပယ်ဖျက်ပေးဖို့ လာမပြောဘူးဆိုရင် ဒီဟာအပေါ်မှာ အခွင့်အရေးယူပြီးတော့ မဲ မသမာမှုလုပ်နိုင်တယ်။ ဒီတော့ ပြည်သူတွေက မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုမှုမလုပ်ဘူးဆိုရင် ပထမအချက်က မိမိရဲ့နိုင်ငံသားအခွင့်အရေးကို ဆုံးရှုံးမယ်။ ပြီးရင် ဒီအပေါ်မှာ တမင်သက်သက်ပဲဖြစ်ဖြစ်၊ မတော်တဆပဲဖြစ်ဖြစ် မဲ မသမာမှုတွေ ဖြစ်လာနိုင်တယ်"ဟု ဒီမိုကရေစီ ရွေးကောက်ပွဲစနစ်၌ မဲဆန္ဒရှင်စာရင်းအမည်ပါရှိရေးသည် အဓိကအကျဆုံးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်းကို ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သည့် PACE အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်က သုံးသပ်ပြောကြားသည်။ **မြတ်သန္တာမောင်**

* ကျောဖုံးမှ

"သဲမုန်တိုင်းလို့တော့ ပြောရမှာပဲ၊ သဲရောလေပါ ခပ်ပြင်းပြင်းတိုက်ခတ်ခဲ့တာ ပတ်ဝန်းကျင်တစ်ခုလုံး သဲသဲကွဲကွဲမမြင်ရဘူး။ သဲမုန်တိုင်းက မိနစ် ၂၀ လောက် တိုက်ခဲ့တာပါ။ ရေယာဉ်မတိမ်းမှောက်ရေးနဲ့ ခရီးသည်များ ဘေးကင်းလုံခြုံမှုရှိရေးကို ကျွန်တော်တို့ရေယာဉ်ဝန်ထမ်းတွေ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ခရီးသည်အားလုံးလည်း အသက်ကယ်အင်္ကျီဝတ်ပြီး ငြိမ်သက်စွာ ထိုင်နေကြဖို့ မှာကြားရပါတယ်"ဟု မဟာဗန္ဓုလရေယာဉ်ဝန်ထမ်း ဦးဇော်ဦးနှင့် ဦးမင်းဇော်တို့က ပြောသည်။

ယင်းမဟာဗန္ဓုလရေယာဉ်သည် တစ်နာရီခန့် ရပ်နားပြီးနောက် တွံတေးတူးမြောင်း ရှစ်မိုင်ခွဲမှ မော်လမြိုင်ကျွန်းမြို့သို့ ပြန်လည်ခုတ်မောင်းခဲ့ရာ ဧပြီ ၂၄ ရက် နံနက် ၄ နာရီခွဲတွင် မော်လမြိုင်ကျွန်းမြို့ဆိပ်ကမ်းသို့ ဘေးကင်းလုံခြုံစွာ ဆိုက်ကပ်ခဲ့သည်။

ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် မြစ်ကြောင်းသွားရေယာဉ်များတွင် အသက်ကယ်အင်္ကျီများနှင့် အသက်ကယ်ဗောများ လုံလောက်စွာ ထားရှိစေလိုသည်ဟု သိရသည်။

မော်ကျွန်း-မြင့်အောင်

❖ ကျောဖုံးမှ

ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲအပြီးတွင် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် စင်ကာပူနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ကြိုတင်လေ့ကျင့်သွားမည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်းသည် လက်ရှိတွင် ပဏာမကစားသမား ၂၉ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး ဆားဘီးယားနိုင်ငံသို့ မသွားရောက်မီ အပြီးသတ် ၂၃ ဦးကို ရွေးချယ်သွားမည်ဖြစ်သည်။ ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲမှာ ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်၏ ဖိတ်ကြားမှုအရ သွားရောက်ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ဟိုချီမင်းမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာယူ-၂၃ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ဧပြီလဆန်းပိုင်းကတည်းက လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်ပြီး အုပ်စုအဆင့်ကျော်လွန်ရန်ရည်မှန်းချက်ထား ပြင်ဆင်လျက်ရှိသည်။ မြန်မာယူ-၂၃ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စု(က)၌ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

(၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်

၂၀၁၅ ခုနှစ် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား (၇-၅-၂၀၁၅)ရက်နေ့မှ (၁၃-၅-၂၀၁၅) ရက်နေ့အထိ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

စဉ်	အမည်	ရာထူး	ဌာန	ဆက်သွယ်ရန်ဖုန်းနံပါတ်
၁။	ဦးထွန်းထွန်းနိုင်	ညွှန်ကြားရေးမှူးချုပ်	နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန နေပြည်တော်	၀၆۷-၄၀۷၃၄၄ ၀၉-၈၆၀၁၅۷၂
၂။	ဒေါ်ချယ်ရီမာမန်း	ညွှန်ကြားရေးမှူး	နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန နေပြည်တော်	၀၆۷-၄၀۷၁၅၃ ၀၉-၄၂၈၁၃۷۷၆၈
၃။	ဒေါ်နွယ်နီဦး	ညွှန်ကြားရေးမှူး	ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (မန္တလေး)	၀၂-၈۷۶۶၂ ၀۹-۷۹۷۹۶۷۷၀۷

နိုင်ငံတော်၏ အနာဂတ်ကြယ်ပွင့် ဘက်စုံပညာထူးချွန်လူငယ်များနှင့် တွေ့ဆုံခြင်း

မင်းထက်အောင်
(မန်းကိုယ်ပွား)

ပညာရေးဝန်ကြီးဌာနက ၁၉၆၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် လူရည်ချွန်စီမံကိန်းအစီအစဉ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံသားကောင်းများပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ဝင်စားလာပြီး နိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်၊ မှန်ကန်သောအကျိုးပြုယှဉ်ပြိုင်မှုဖြင့် ဘက်စုံပညာအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အများနှင့် စုပေါင်းနေထိုင်တတ်သော အလေ့အကျင့်ကောင်းများဖြစ်ထွန်းလာစေရန်နှင့် ဒေသန္တရဗဟုသုတများရရှိလာစေရန်၊ ကျောင်းသား ကျောင်းသူများ၏စံနမူနာပြ လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်ဖြင့် စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့သည်။

မအေးငြိမ်းခင်

မဖုန်ရိခေါ်ရမ်

မောင်စည်သူစိုး

မသည်းအိမ်စည်

မောင်သီဟကျော်စွာ

မဝင့်လွှာဖြူ

ထိုသို့ရွေးချယ်ဆောင်ရွက်ရာတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဌမတန်းအတွက် ၁၇၆ ဦး၊ နဝမတန်းအတွက် ၁၇၆ ဦးနှင့် ဒသမတန်းအတွက် ၁၇၆ ဦး စုစုပေါင်း ၅၂၈ ဦးတို့အား ဘက်စုံပညာထူးချွန်လူငယ်များအဖြစ် စိစစ်ရွေးချယ်ခဲ့ပြီး အဌမတန်းဘက်စုံပညာထူးချွန်လူငယ်များအား ပုဂံအပန်းဖြေစခန်း၊ နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များအား အင်းလေးအပန်းဖြေစခန်းနှင့် ဒသမတန်းဘက်စုံပညာထူးချွန်လူငယ်များအား ငွေဆောင်အပန်းဖြေစခန်းတို့ကို ဧပြီ ၂၅ ရက်မှ မေ ၅ ရက်အထိ သက်ဆိုင်ရာအပန်းဖြေစခန်းအသီးသီးတွင် အပန်းဖြေလေ့လာရင်း ကင်းထောက်သင်တန်းပေးခြင်း၊ လူရည်ချွန်ဟောင်းများနှင့် တွေ့ဆုံပေးခြင်းအစီအစဉ်များကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဧပြီ ၂၄ ရက်တွင် အင်းလေးအပန်းဖြေစခန်းနှင့် ပုဂံအပန်းဖြေစခန်းတို့ကို သွားရောက်လေ့လာကြမည့် တစ်နိုင်ငံလုံးမှ အဌမတန်းနှင့် နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များသည် မန္တလေးမြို့သို့ စုရပ်အဖြစ် ရောက်ရှိနေပြီး ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် သက်ဆိုင်ရာအပန်းဖြေစခန်းတို့ကို ထွက်ခွာသွားရောက်ကြမည် ဖြစ်သည်။ မန္တလေးမြို့သို့ ရောက်ရှိနေကြသည့် ဘက်စုံပညာ ထူးချွန်လူငယ်များနှင့် တွေ့ဆုံ၍ ဘက်စုံပညာထူးချွန်ဆုရရှိစေရန် ကြိုးစားခဲ့ပုံများနှင့် အသိအမှတ်ပြုဂုဏ်ပြုပေးမှုအပေါ် ခံစားမှုများကို တွေ့ဆုံမေးမြန်းခဲ့သည်။

မအေးငြိမ်းခင်(နဝမတန်း) (နှစ်နှစ်ဆက်တိုက် ဘက်စုံပညာထူးချွန်ဆုရရှိသူ) (လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)

ဘက်စုံပညာထူးချွန်လူငယ်တွေ ရွေးချယ်ပေးတဲ့ အစီအစဉ်ကြောင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ပညာကြီးမားကာ ဗဟင်းတန်နဲ့ ပြည့်ဝတဲ့ ကျောင်းသား ကျောင်းသူတွေ အများကြီး ပေါ်ထွက်လာတဲ့အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီအစီအစဉ်ကို အကောင်အထည်ဖော်ပေးတဲ့ နိုင်ငံတော်နဲ့ပညာရေးဝန်ကြီးဌာန၊ ထူးချွန်ဆုရအောင် သင်ကြားပေးတဲ့ ဆရာ ဆရာမတွေ၊ အားပေးတိုက်တွန်းဖြည့်ဆည်းပေးတဲ့သမီးရဲ့မိဘတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီခရီးစဉ်မှာ လေ့လာစရာ ဗဟုသုတတွေ အများကြီး ရရှိမှာဖြစ်သလို တစ်နိုင်ငံလုံးက သူငယ်ချင်းတွေနဲ့လည်း ခင်မင်ခွင့်ရတော့မှာမို့ အကျိုးကျေးဇူးတွေ အများကြီးရရှိမှာ ဖြစ်ပါတယ်။ သမီးရဲ့ သူငယ်ချင်းတွေနဲ့ မောင်လေးညီမလေးတွေလည်း ဒီလိုရွေးချယ်မှုပြိုင်ပွဲမှာ ရည်မှန်းချက်ကြီးမားစွာနဲ့ ယှဉ်ပြိုင်ပြီး မိဘဆရာသမားတွေကလည်း ဝင်ပြိုင်နိုင်အောင် တိုက်တွန်းသင်ကြားပေးဖို့ လိုအပ်ပါတယ်လို့ အကြံပြုပြောကြားလိုပါတယ်။

မဝင့်လွှာဖြူ(နဝမတန်း)(အထက-မြစ်သားမြို့နယ်၊ ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး)

ယခုလို ရွေးချယ်ခံရအောင် သင်ကြားနေတဲ့အချိန်မှာ သေချာမှတ်သားမယ်။ တစ်နေ့စာတစ်နေ့ ပုံမှန်ကျက်မှတ်သွားပြီး ယုံကြည်ချက်အပြည့်နဲ့ ကြိုးစားသွားရင်လုံလောက်ပါတယ်။ အခုလိုပညာရေးကဏ္ဍကို မြှင့်တင်ပေးသလို ထူးချွန်ဆုရသူတွေကိုလည်း လေ့လာရေးခရီးစဉ်တွေချီးမြှင့်ပေးတဲ့အတွက် ပညာရေးဌာနကို ကျေးဇူးအထူးတင်ပါတယ်။ နောင်မျိုးဆက်သစ် လူငယ်တွေလည်း သမီးတို့ကိုအတုယူအားကျပြီး ကြိုးစားချင်စိတ်တွေ ဖြစ်လာစေမယ့် အစီအစဉ်ဖြစ်တဲ့အတွက် ကျေနပ်အားရမိပါတယ်။ သမီးတို့ကို မူလတန်းမှ အခုအချိန်အထိ သင်ကြားပေးတဲ့ ဆရာ ဆရာမတွေ၊ မိဘတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ မရောက်ဖူးသေးတဲ့ဒေသကို လေ့လာခွင့်ရပြီး သူငယ်ချင်းတွေ အများကြီးနဲ့လည်းခင်မင်ခွင့်ရတော့မှာမို့ အလွန်ကိုပျော်ရွှင်ပြီး စိတ်လှုပ်ရှားနေပါတယ်။

မောင်သီဟကျော်စွာ(နဝမတန်း၊ အထက-၃ ဒဂုံ(မြောက်)မြို့နယ်၊ အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး)

နှစ်အတော်ကြာပျောက်ကွယ်နေတဲ့ ဒီစီမံကိန်းကို ကျွန်တော်တို့ နှစ်ရောက်မှစပြီးပေါ်လာတဲ့အတွက် ရရှိတဲ့ အခွင့်အရေးကို အရယူနိုင်လိုက်တာကျေနပ်မိပါတယ်။ အခုလို ရွေးချယ်ခံရတဲ့အတွက် စံပြကျောင်းသားအဖြစ် စံပြခြင်းခံရတယ်။ ၁၀ တန်းအတွက်လည်း အခြေခံကောင်းတွေရရှိလာပါတယ်။ ဒါကြောင့် ဒီအစီအစဉ်ကို နှစ်စဉ်ဆောင်ရွက်ပေးစေလိုပါတယ်။ အခုလို ရွေ့ရာသီကျောင်းပိတ်ရက်မှာ အပန်းဖြေရင်း သူငယ်ချင်းတွေနဲ့ ဆုံတွေ့ခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးမိပါတယ်။ ကျွန်တော့်လိုပျော်ရွှင်နိုင်ဖို့ ကြိုးစားမယ်ဆိုရင် ဘက်စုံတော်အောင် လေ့လာသင်ယူရပါမယ်။ နေ့စဉ်သင်ခန်းစာတွေအပြင် အဓိကမြန်မာစာနဲ့ အင်္ဂလိပ်စာကိုလေ့လာရမယ်။ အားကစားလည်း လေ့ကျင့်ရမယ်။ ဗဟုသုတဖြစ်စေမယ့်နေ့စဉ်ထုတ်သတင်းစာတွေ၊ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးကထုတ်ဝေတဲ့ အထွေထွေဗဟုသုတ စာအုပ်တွေ လေ့လာရမယ်။ သက်လုံကောင်းအောင် နေ့စဉ်နာရီဝက်လောက် လေ့ကျင့်ခန်းလုပ်ရမယ်။ အောင်မြင်မှုရဖို့ဆိုရင် ကံ၊ ဉာဏ်၊ ဝီရိယပေါင်းစပ်မှုရမယ်ဆိုပေမယ့် အနီးကပ်ဆုံးက ဝီရိယရှိဖို့ပါပဲ။ အာရုံစူးစိုက်ပြီး ရည်မှန်းချက်နဲ့ ကြိုးစားမယ်ဆိုရင် ဉာဏ်နဲ့ကံကလိုက်လာပြီး အောင်မြင်မှုတွေရရှိလာမှာ ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

မောင်စည်သူစိုး (နဝမတန်း)အထက တာချီလိတ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)

ရွေ့ရာသီ ကျောင်းပိတ်ရက်အတွင်းမှာ အပန်းဖြေရတဲ့အတွက် စိတ်လန်းဆန်းပြီး ဗဟုသုတတွေ လည်းရရှိမှာဖြစ်လို့ ပျော်ရွှင်နေပါတယ်။ သူငယ်ချင်းတွေနဲ့ တွေ့ဆုံပြီး ရင်းနှီးခွင့်ရတဲ့အတွက်လည်း ပေါင်းသင်းဆက်ဆံရေးကောင်းမွန်လာမှာ ဖြစ်ပါတယ်။ မျိုးဆက်သစ်ညီငယ်၊ ညီမငယ်တွေလည်း အားလပ်တဲ့ အချိန်မှာ အချိန်မဖြုန်းဘဲ အမြဲတမ်းသင်ယူလေ့လာနေကြပါ။ ကိုယ့်ရဲ့ အားထုတ်မှုကအဓိကလိုအပ်တဲ့အတွက် တကယ်ကြိုးစားမှ တကယ်အောင်မြင်မှုကို ခံစားရမှာပါ။ ဒီလူရည်ချွန်စီမံကိန်းကို ပြန်လည်ဖော်ထုတ်ပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ သင်ကြားပေးတဲ့ ဆရာ ဆရာမတွေ လိုအပ်တာတွေကို မည်သည်မည္ဟုဖြည့်ဆည်းပေးတဲ့မိဘတွေနဲ့ အားပေးကူညီပေးကြတဲ့ သူငယ်ချင်းတွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

မဖုန်ရိခေါ်ရမ် (နှစ်နှစ်ဆက်တိုက် ဘက်စုံပညာထူးချွန်ဆုရရှိသူ)အထက (ဒုတ္တန်)၊ ပူတာအိုခရိုင်၊ မြစ်ကြီးနား

သမီးတို့မြို့နယ်မှာ သမီးလိုပဲ ပညာရည်ထူးချွန်တဲ့သူ ငါးဦးရှိပါတယ်။

အခုလို ခရီးသွားရတဲ့အစီအစဉ်လေးကို အလွန်သဘောကျပါတယ်။ ဘာလို့လဲဆိုတော့ ဟိုမှာတိုင်းဒေသကြီးနဲ့ ပြည်နယ်က ကျောင်းသား ကျောင်းသူ သူငယ်ချင်းအသစ်တွေနဲ့ အရင်နှစ်က သူငယ်ချင်းတွေဆုံတွေ့ကြမှာဆိုတော့ အလွန်ပျော်စရာကောင်းမှာပါ။

စာမျက်နှာ ၁၂ သို့

GOLDEN STAR Travels & Tours
Apr-30
☆ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး ကျိုက်ထီးရိုး(ဝန့်စဉ်)
☆မန္တလေး-ဖြင်ဦးလွင်-စစ်တိုင်း ချောင်းသာ (ဝန့်စဉ်)
☆တောင်ကြီး-အင်းလေး-ပင်းတယ ငွေဆောင် (ဝန့်စဉ်)
Ph: 209200, 703448, 430480, 544383, 705968, 09-5081580

သန်းဌေးနှင့်ရောင်းရင်းမျှား ၆ နှစ်သစ်ခရီးစဉ်များ
APR - 30, MAY - 1/2/8/15/22/29, JUN-5/12/19/26
▲ ပုဂံ ပုပ္ပား (စွယ်တော် ၄ ဆူ)၊ ပခုက္ကူ (၄) ရက်။ ▲ မန္တလေး ပြင်ဦးလွင်၊ မုံရွာ (အလောင်းတော်) (၆) ရက်။ ▲ တောင်ကြီး အင်းလေး ထမ်ဆမ်း (၄) ရက် အားလုံးပါ (၁၀) ရက်။ ▲ မော်လမြိုင်၊ ကျိုကွမီ၊ ထားဝယ်ရွင်ကိုးရွင် (၆) ရက်။ ▲ မော်လမြိုင်၊ ကျိုကွမီ ညောင်ရေသွန်းပွဲ (၁-၅-၂၀၁၅)တွက်မည်။ ▲ သရေခေတ္တရာ ဝိဿနီ ပင်မမြို့ဟောင်း နေပြည်တော်(လှတ်တော်လေ့လာခြင်း)၊ သံတောင်ကြီးမြို့ (၃)ရက်။ ▲ ရွှေဘို၊ ဟန်လင်းကြီး (ပျဉ်မြို့ဟောင်း)၊ မုံရွာ၊ စစ်ကိုင်း အင်းဝ၊ မန္တလေး နေပြည်တော် (လှတ်တော်လေ့လာခြင်း) (၄) ရက်။ ▲ ကျိုကွမီ၊ စက်ခဲ၊ ဘားအံ၇ (၅) ဂူ၊ မဲလ်ဆံတော်ရွင် (၂) ရက်။ ▲ (ပြည်၊ အကောက်တောင်း နှင်ဝါ၊ရစ်တောင်ဆရာတော်ဖူး) ▲ ဧလွန်၊ နေပြည်တော်၊ မဲလ်ဆံတော်ရွင် (နေ့ချင်းပြန်၊ စနေ၊ တနင်္ဂနွေ) ကျိုကၢ်ထီးရိုး ချောင်းသာ } ဝန့်စဉ်
ပင်ရင်း (၄၂၄)ရွှေဘုံသာလမ်းဘဏ်။ Ph : 380141, 241863, 09 43043109, 09 73251422

CLAIMS DAY NOTIC
MV. TRANS FUTURE -1 VOY:NO(227)

Consignees of cargo carried by MV. TRANS FUTURE -1VOY: NO(227) are here by notified that the vessel will arrive of about 26-4-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၀၉၁၊ ၂၃၀၁၀၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

တနင်္သာရီတိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)
လမ်းအထူးအဖွဲ့(၂၄)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့(၂၄)၊ မြိတ်မြို့မှ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်-
(က) ကျောက်(ရွယ်နဲ့)
(ခ) ကျောက်ရောမြေ
(ဂ) သဲ
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၀-၄-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၅-၂၀၁၅ ရက်၊ ၁၇း၀၀ နာရီ
၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၁၅-၅-၂၀၁၅ ရက်၊ ၁၃း၃၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့(၂၄)၊ မြိတ်မြို့
ကန်ဗျားလမ်းမကြီး(ဘောလုံးကွင်းအရှေ့)
ဖုန်း-၀၅၉-၄၁၉၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန
အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း
(Certificate Course in Basic Diplomatic Skills)
သင်တန်းအမှတ်စဉ်(၃၅)အတွက်
သင်တန်းသားခေါ်ယူခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန အငြိမ်းစားသံအမတ်ကြီးများနှင့် ဝါရင့်သံတမန်ကြီးများ ကျွမ်းကျင်သူပညာရှင်များကိုယ်တိုင် ပို့ချမည့်အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၃၅)ကို ၂၀၁၅ခုနှစ် မတ်လတွင် စတင်ဖွင့်လှစ်ရန် စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ယခုလာမည့် မေလအတွင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတကာရေးရာကိစ္စများတွင် စိတ်ပါဝင်စားသူများ၊ နိုင်ငံတကာနှင့်ဆက်ဆံမှုရှိသည့် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီဒါရိုက်တာများ၊ ဝန်ထမ်းများစာရင်းသွင်း တက်ရောက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ သင်တန်းတွင် သံတမန်ရေးရာ(Protocol)၊ အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အစည်းအဝေးကျင်းပခြင်း (International Conferencing)၊ သံတမန်စာပေးစာယူ ဆက်သွယ်မှု(Diplomatic Correspondence)၊ စေ့စပ်ပြောဆိုမှုနည်းလမ်းများ(Negotiating Techniques)စသည့် ဘာသာရပ်များကို အထူးပြုသင်ကြားပေးမည်ဖြစ်ပါသည်။

၁။ **တက်ရောက်နိုင်သူများ** - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူများ (စီးပွားရေးလုပ်ငန်းရှင်များအတွက် ပညာအရည်အချင်းကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပါမည်)
၂။ **သင်တန်းကာလ** - ရက်သတ္တပတ် (၁၂)ပတ်
၃။ **သင်တန်းနေရာ** - မဟောသဓာခန်းမဆောင်၊ ပြည်လမ်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့

သင်တန်းလျှောက်လွှာများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် စတင်လက်ခံနေပြီဖြစ်ပြီး၊ လျှောက်လွှာများကို ၂၀၁၅ ခုနှစ် မေ ၄ရက် နောက်ဆုံးထား လက်ခံပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းကြပါရန် သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၂၂၁၅၃၁၊ ၂၂၁၅၃၇၊ ၂၂၂၀၂၈
သင်တန်းကြီးကြပ်မှူးကော်မတီ
နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့

စာမျက်နှာ ၁၁ မှ

နောက်ပြီး အင်းလေးကိုသွားမှာဆိုတော့ အင်းလေးကို တစ်ခါမှ မရောက်ဖူးဘူး။ အဲဒီက အရပ်ဒေသ သဘာဝပတ်ဝန်းကျင်၊ ရေမြေတောတောင်၊ ရိုးရာယဉ်ကျေးမှုလူနေမှုပုံစံနဲ့ စားဝတ်နေရေးလုပ်ကိုင်နေမှုတွေကို လက်တွေ့ကျကျလေ့လာရမှာဆိုတော့ အလွန်သဘောကျပါတယ်။ သမီးလိုပဲ ပညာရည်ထူးချွန်ဆုရဖို့ အတွက်ကတော့ ထွေထွေထူးထူးမရှိပါဘူး။ စာသင်နှစ် တစ်နှစ်ပြီးတိုင်းမှာ နောက်တက်ရမယ့်အတန်းရဲ့ စာတွေကို ကြိုတင်လေ့လာကျက်မှတ်ပြီး အထွေထွေဗဟုသုတတွေကိုလေ့လာလိုက်စားဖို့တော့လိုပါတယ်။ နောက်ပြီး ကိုယ်အားတဲ့အချိန်တွေမှာ စာပေရေးရာ၊ ဘောဂဗလ၊ ကိုယ်ကာယနဲ့ ဗဟုသုတတွေကို ဆည်းပူးလေ့လာလိုက်စားဖို့ပါပဲ။ နိုင်ငံတော်ကနေ အခုလိုစီစဉ်ဆောင်ရွက်ချီးမြှင့်ပေးတဲ့ အတွက် ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းသာပီတိလည်း ဖြစ်မိပါတယ်။

မသည်းအိမ်စည် (နှစ်နှစ်ဆက်တိုက် ဘက်စုံပညာထူးချွန်ဆုရရှိသူ) အထက(၁) လပွတ္တာ၊ လပွတ္တာ မြို့နယ် ဧရာဝတီတိုင်းဒေသကြီး

သမီးတို့မြို့နယ်မှာတော့ သမီးအပါအဝင် ငါးဦးရှိပါတယ်။ မနှစ်ကလည်း အဋ္ဌမတန်းမှာ ပညာရည်ချွန်အရွေးခံခဲ့ရတယ်။ အဲဒီနှစ်က ပုဂံကိုသွားခဲ့ရပါတယ်။

ဒီနှစ်မှာတော့ အင်းလေးကိုသွားရမှာဆိုတော့ သဘောကျပျော်ရွှင်မိပါတယ်။ နောက်နှစ်တက္ကသိုလ်ဝင်တန်းမှာလည်း ပညာရည်ချွန်ဆုရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ။ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်အစိုးရက အခုလို သမီးတို့လိုပညာရည်ချွန်တွေကို ရွေးချယ်ပေးတဲ့ အတွက်ကိုရော ဒေသန္တရလေ့လာရေးခရီးစဉ်တွေ ပို့ဆောင်ပေးတဲ့ အတွက်ကိုပါ ကျေးဇူးတင်ပါတယ်။

စိတ်ထဲမှာအလိုလိုနေရင်းလည်း ပျော်ရွှင်မိပါတယ်။ ဘာလို့လဲဆိုတော့ ဟိုရောက်ရင် သူငယ်ချင်းအသစ်တွေရော၊ အရင်ကသူငယ်ချင်းတွေပါ ပြန်လည်ဆုံတွေ့ရမှာဖြစ်တဲ့အတွက်ကြောင့်ပါ။

ကျောင်းမှာရှိတဲ့သူငယ်ချင်းတွေရော၊ အခြားကျောင်းသားကျောင်းသူတွေအနေနဲ့ပါ ပညာရည်ချွန်ဆုရယူဖို့က ခက်ခဲတယ်ဆိုတာမရှိပါဘူး။ ကိုယ့်ရဲ့ ကံ၊ ဥာဏ်၊ ဝီရိယပေါင်းစပ်ပြီးတော့ အခြားအထွေထွေ ဗဟုသုတတွေ၊ ကိုယ်ကာယကြံ့ခိုင်မှုတွေ၊ စာပေလေ့လာလိုက်စားမှုတွေ ပြုလုပ်ခဲ့မယ်ဆိုရင်တော့ ကိုယ်ရည်မှန်းထားတဲ့နေရာကို ရောက်ရှိမှာပါ။ ဒါကြောင့် ကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်။

နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန် အခွန်ပေး

စာကြည့်တိုက်နှင့် ပြတိုက်တို့တွင် အများပြည်သူများ လေ့လာနိုင်ရန် ပေစာထုပ်များလျှောက်ခိုန်း

နေပြည်တော် ဧပြီ ၂၄

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေသည် ဧပြီ ဒုတိယပတ်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်အတွင်းရှိ ကျေးရွာဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်ပြီး ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ထိုသို့ ဖူးမြော်တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးသည် သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများနှင့် လူပုဂ္ဂိုလ်များထံတွင် စုဆောင်းထိန်းသိမ်းထားခဲ့သော ရှေးဟောင်းပေစာထုပ်များကို ကြည့်ရှုလေ့လာခဲ့ပြီး ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ဗုဒ္ဓပိဋကတ်တော်ဆိုင်ရာများ၊ မြန်မာမှုဆိုင်ရာများ၊ အတတ်ပညာ၊ ဗဟုသုတဆိုင်ရာများအား ပေစာပေါ်တွင် ရေးသားမှတ်တမ်းတင်ခြင်းကို ပုဂံခေတ်၊ အနော်ရထာမင်း လက်ထက်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရှေးက ရဟန်းပညာရှိ၊ လူပညာရှိ၊ အသိပညာရှင်၊ အတတ်ပညာရှင်များသည် မိမိတို့တတ် မြောက်ထားသော ပညာရပ်များကို ရေးသားဖြန့်ဖြူးရာ၌ လည်းကောင်း၊ သိမ်းဆည်းရာတွင်လည်းကောင်း ပေစာကို အသုံးပြုခဲ့ပါကြောင်း၊ ပေစာသည် အသိပညာ၊ အတတ်ပညာများ ပြန့်ပွားစေရေးအတွက် အရေးပါသည့် စာပေပစ္စည်းတစ်ခုဖြစ်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ပေစာ၏ကျေးဇူးသည် များပြားလှပါကြောင်းနှင့် ယခုကဲ့သို့ တတ်စွမ်းသမျှ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းအတွက် ဝမ်းမြောက်ရပါကြောင်း ရှင်းလင်းပြောကြားသည်။

မင်းကင်းမြို့နယ် အင်ကြင်းတောင်ကျေးရွာ ဝိမုတ္တိရသ ဘုန်းတော်ကြီးကျောင်းတွင် ဆရာတော် ဦးဓမ္မသာမိထံမှ ပေစာများ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ လက်ခံယူစဉ်။

ဘုန်းတော်ကြီး ကျောင်းများ အနက်မှ အင်ကြင်းတောင်ကျေးရွာ ဝိမုတ္တိရသကျောင်းဆရာတော် ဦးဓမ္မသာမိ၊ ကျောက်အိုးရွာ ဓမ္မရက္ခိတ ကျောင်းဆရာတော် ဦးစန္ဒာသီရိ၊ ကံစံပြကျေးရွာ သာသနဂုဏ်ရည် ကျောင်းဆရာတော် ဦးကောဝိဒ၊ ပြည်ကန်ရွာဆရာတော်နှင့် တုမရရွာ ရပ်မိရပ်ဖများဖြစ်ကြသော ဦးအောင်ခ၊ ဦးစိန်ညွှန့်၊ ဦးပြားနှင့် ဦးသန်းထွန်းတို့က ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ရှိ စာကြည့်တိုက်နှင့် ပြတိုက်များတွင် အများပြည်သူတို့ ကြည့်ရှုလေ့လာနိုင်ရေးအတွက် စီစဉ်ပြသနိုင်ရန်၊ အကြောင်းအရာအလိုက် ပေစာထုပ်များ ခွဲခြားနိုင်ရန်နှင့် စနစ်တကျထိန်းသိမ်းရန်အတွက် ပေးအပ်လျှောက်ထားရာ ဒုတိယဝန်ကြီးက လက်ခံယူခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက ရေရှည်တည်တံ့ကြံ့ခိုင်အောင် ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းခဲ့သော ကြီးတောင်ဦးရွာရှိ ရွှေဇဝါရေးဘုန်းတော်ကြီးကျောင်းနှင့် ကံစံပြရွာရှိဘုန်းတော်ကြီးကျောင်းတို့ကိုလည်း ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နယ်စပ်ရေးရာဝန်ကြီးဌာန
လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းဖန်တီးဖော်ဆောင်ရေးအဖွဲ့
နယ်စပ်ဒေသအပါအဝင်ကျေးလက်နေပြည်သူများမြို့ပြဆင်းရဲသူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်
နယ်စပ်ရေးရာဝန်ကြီးဌာန၊ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ဗဟိုလေ့ကျင့်ရေးကျောင်းတွင်အောက်ပါသင်တန်းများဖွင့်လှစ်ပါမည်။

စဉ်	နေရာ	သင်တန်းကျောင်း	ဖွင့်လှစ်မည့်သင်တန်း	သင်တန်းသားအရည်အချင်း	သင်တန်းကာလ	သင်တန်းသားအရေအတွက်	နေစရိတ်စားစရိတ်	သင်တန်းဆင်းအဆင့်
၁	ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)	ဗဟိုလေ့ကျင့်ရေးကျောင်း	ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း	အိမ်တွင်းမှု ကျောင်းများမှ အခြေခံအဆင့် မြင့်သင်တန်းဆင်းပြီး ဖြစ်ရမည်။	(၃)ပါတ်	၁၄၀	ဌာနအစီအစဉ်ဖြင့် နိုင်ငံတော်မှကျခံပါမည်	အထည်ချုပ်ကျွမ်းကျင်ဝန်ထမ်းအဆင့်
၂	ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)	ဗဟိုလေ့ကျင့်ရေးကျောင်း	အဆင့်မြင့်စက်ချုပ် အထူးသင်တန်း	အခြေခံပညာ မူလတန်းမှဘွဲ့ရပြီး (၁၆-၃၀)နှစ်ကြား အကျင့်စာရိတ္တ ကောင်းမွန်ရမည်။	(၁၂)ပါတ်	၄၀	ဌာနအစီအစဉ်ဖြင့် နိုင်ငံတော်မှကျခံပါမည်	ကိုယ်ပိုင်လုပ်ငန်းထူထောင် နိုင်သည်အထိ

* အဆင့်မြင့်စက်ချုပ်အထူးသင်တန်း ၄-၅-၂၀၁၅ မှ ၂၄-၇-၂၀၁၅ ထိ နှင့် ၁၆-၁၁-၂၀၁၅ မှ ၅-၂-၂၀၁၆ ထိ(၂)ကြိမ်
* ခေတ်မီမော်တာ အထည်ချုပ်စက် သင်တန်း ၄-၅-၂၀၁၅ မှ (၃)ပါတ်ဖွင့် (၂)ပါတ်နား (၉)ကြိမ်

အဆင့်မြင့်စက်ချုပ်သင်တန်း

အဆင့်မြင့်စက်ချုပ်သင်တန်း

ခေတ်မီမော်တာစက်ချုပ်သင်တန်း

သင်တန်းသူများအိမ်ဆောင်

သင်တန်းသူများစားရိပ်သာ

ဆက်သွယ်ရန်လိပ်စာ

*နယ်စပ်ရေးရာဝန်ကြီးဌာန
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
ဝ၆၇-၄၀၉၄၂၁၊ဝ၆၇ ၄၀၉၄၁၇
*ဗဟိုလေ့ကျင့်ရေးကျောင်း
ဝ၁-၅၈၄၀၄၄၊၅၈၁၃၃၀၂

ကျွန်းစုမြို့နယ်၌ လှိုင်းလေပြင်းထန်မှုကြောင့် ခရီးသည်တင်စက်လှေတစ်စင်းနစ်မြုပ်မှုဖြစ်ပွား

မြိတ် ဧပြီ ၂၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် တောပြားကြီးကျေးရွာအုပ်စု တောပြားကြီးကျေးရွာ အရှေ့ရေပြင်တွင် ဧပြီ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ခရီးသည်တင် စက်လှေတစ်စင်း လှိုင်းလေပြင်းထန်မှုကြောင့် စက်လှေနစ်မြုပ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းစုမြို့နယ် တောပြားကြီးကျေးရွာအုပ်စု တောပြားကြီးကျေးရွာ အရှေ့ရေပြင်၊ ကျွန်းစုမြို့နယ် ၈၊ တောင်ဘက်ရေမိုင် ၄၀ ခန့်အကွာတွင် ဧပြီ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ရေကန်တောင်ကျေးရွာအုပ်စု ရေကန်တောင်ကျေးရွာနေ ဦးချစ်ပုန်း(ခ)လှဌေး (၄၀ နှစ်) ရေလုပ်ငန်းလုပ်ကိုင်သူပိုင်ဆိုင်သည့် ယုဇနဌေးအမည်ရှိ အလျားပေ ၆၀၊ အနံ ၁၂ ပေ၊ စောက် ၇ ဒသမ ၅ ပေ၊ လေးလုံးထိုး(၀မ်းထိုင်) စက်တပ်သစ်သား၌ ခရီးသည်တင်စက်လှေသည် ခရီးသည် ၃၀ ခန့်နှင့် ဆန်အိတ် ၁၀၀၊ အခြားစားသောက်ကုန်ပစ္စည်းတင်ဆောင်ပြီး မြိတ်မြို့မှ ရေကန်တောင်ကျေးရွာသို့ မောင်းနှင်လာစဉ် လှိုင်းလေပြင်းထန်မှုကြောင့် စက်လှေထဲသို့ရေများ၀င်ရောက်ပြီး စက်လှေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ စက်လှေနစ်မြုပ်မည့် အချိန်တွင် ပိုင်ရှင်/ပဲ့နင်းက အနီးရှိ တောပြားကြီးကျေးရွာသို့ ဖုန်းဆက် အကူအညီတောင်းခံခဲ့ရာ တောပြားကြီးကျေးရွာမှ စက်တပ်လှေ ငါးစင်းနှင့် ရွာသား ၂၀ ခန့်က လာရောက်ပြီး ခရီးသည်များအား တောပြားကြီးကျေးရွာသို့ ရွှေ့ပြောင်းခေါ်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယင်း စက်လှေနစ်မြုပ်မှုနှင့် ပတ်သက်ပြီး စက်လှေပေါ်ပါ ခရီးသည် ၃၀ ခန့်သည် အသက်အန္တရာယ်ထိခိုက်မှုမရှိကြောင်းနှင့် စက်လှေပေါ်ပါ ဆန်အိတ် ၁၀၀ နှင့် အခြား စားသောက်ကုန်ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၂၀ ခန့် ဆုံးရှုံးသွားခဲ့ပြီး နစ်မြုပ်စက်လှေကို ကျေးရွာမှ စက်လှေများဖြင့် တောပြားကြီးအရှေ့သဲခုံသို့ ဆွဲယူကာ စက်လှေအတွင်းရှိရေများကို စုပ်ထုတ်ပြီး ရေကန်တောင်ကျေးရွာသို့ ဆက်လက်ထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

မိုးညှိမြို့နယ်အတွင်း လေပြင်းတိုက်ခတ်

မိုးညှိ ဧပြီ ၂၄

ပဲခူးတိုင်းဒေသကြီး သာယာ၀တီခရိုင် မိုးညှိမြို့နယ်အတွင်း ဧပြီ ၂၃ ရက်ညနေ ၄ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တချို့ ပြိုလဲခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဘုရားဝှေအုပ်စု၊ ကြို့ပင်သာအုပ်စု၊ ဇီးပင်အုပ်စု၊ တက်ဆွဲအုပ်စု၊ ရေကင်းအုပ်စု၊ ဆုံကုန်းအုပ်စုအတွင်းရှိ အိမ်ခြေ ၄၁ အိမ်၊ အိမ်ထောင်စု ၄၁ စုနှင့် မြို့မရပ်ကွက် အလယ်တန်းကျောင်း(ခွဲ)အမိုးသွပ်များ ပွင့်လန်သွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သည့်အိမ်များအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းနှင့် တာ၀နဉ်ရှိသူများက လတ်တလော ဖြေရှင်းဆောင်ရွက်ပေးမှုအဖြစ် ဆန်အိတ်များကို စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် သယ်ဆောင်ပြီး ကျေးရွာအရောက် ပို့ဆောင်၍ တစ်အိမ်လျှင်ဆန် ၁၂ ပြည်နှုန်းစီဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခင်လတ်(မိုးညှိ)

ဘော်လခဲမြို့နယ်၌ လေပြင်းတိုက်ခတ်

ဘော်လခဲ ဧပြီ ၂၄

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ်တွင် ဧပြီ ၂၃ ရက်ညနေ ၄ နာရီခန့်က လေပြင်းတိုက်ခတ်ခဲ့သည်။

လေပြင်း တိုက်ခတ်မှုကြောင့် နယ်မြေခံတပ်ရင်းမှ အမက(၄) စာသင်ကျောင်း၏ ထုပ်၊ လျှောက်၊ ဒိုင်းနှင့် သွပ်ပြားအချပ် ၄၀ ခန့်နှင့် ဘော်လခဲမြို့၌ ရှမ်းပိုင်းရပ်ကွက် အမကကျောင်းဆောင်၏ သွပ်ပြား ၅၃ ချပ်နှင့် ထုပ်၊ လျှောက်၊ ဒိုင်းများ ပျက်စီးသွားခဲ့သည်။

လေပြင်း တိုက်ခတ်အပြီးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးပြီး လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။

လှရွှေ(iprd)

သင်တောမြောင်ကျေးရွာ၌ လေပြင်းတိုက် ဘုန်းတော်ကြီးကျောင်းနှင့်လူနေအိမ်များ ပြိုကျပျက်စီး

အင်္ဂပူ ဧပြီ ၂၄

အင်္ဂပူမြို့နယ် ကွင်းကောက်နယ်မြေရဲစခန်းပိုင်အတွင်းရှိ လင်းလွန်းပင်အုပ်စု သင်တောမြောင် ကျေးရွာတွင် ဧပြီ ၂၃ ရက်ညနေ ၅ နာရီက လေပြင်းများတိုက်ခတ်ခဲ့သည်။

ယင်း လေပြင်းတိုက်ခတ်မှုကြောင့် သင်တောမြောင်ကျေးရွာရှိ ကြက်သလုတ်ကုန်း ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတစ်ခု၊ တန်ဆောင်းအကြီးတစ်ခု၊ တန်ဆောင်းအသေးတစ်ခုနှင့် လူနေအိမ် ၁၀ လုံး ပြိုကျပျက်စီးခဲ့ကြောင်းနှင့် အဆိုပါ လေပြင်းတိုက်ခတ်ရာ နေရာသို့ ကွင်းကောက်နယ်မြေ ရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များက သွားရောက် ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မန်းကျော်

ဖြူးမြို့နယ်၌ လေပြင်းတိုက်၊ မိုးရွာပြီး သစ်ပင်အချို့ပြိုလဲကာ နေအိမ်အမိုးများလန်

ဖြူး ဧပြီ ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ဧပြီ ၂၃ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၂ နာရီခန့်အထိ လေပြင်းများတိုက်ခတ်ပြီး ညနေ ၅ နာရီထိ မိုးများရွာသွန်းခဲ့ကာ မိုးသီးများကြွေကျခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းအချို့နှင့် မြို့ပေါ်ရပ်ကွက်အချို့တို့တွင် သက်တမ်းရင့် သစ်ပင်ကြီးများ အမြစ်မှ ပြုတ်၍ ပြိုလဲခြင်း၊ သစ်ကိုင်းများပြတ်ကျခြင်း၊ နေအိမ်အချို့ အမိုးများလန်သွားခြင်းနှင့် ဓာတ်တိုင်များ ပြိုလဲခြင်းဖြစ်ခဲ့သော်လည်း လူများထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

ဖြူးမြို့နယ်တွင် သင်္ကြန်မတိုင်ခင်မှစ၍ နေ့စဉ် တစ်နေ့တခြားအပူချိန်များ လွန်ကဲစွာပူပြင်းနေသဖြင့် လူအများ နေ့ဘက်တွင် လမ်းသွားလမ်းလာများ မရှိသလောက်အပြင်မထွက်နိုင်ကြဘဲ ရှိခဲ့ရာမှ ယခုကဲ့သို့ ရုတ်တရက် လေပြင်းတိုက်၊ မိုးသည်းထန်စွာရွာခဲ့ပြီး အပူချိန်များ သိသိသာသာ လျော့ပါးသွားကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် သံကူကွန်ကရစ်အဆောက်အအုံများအား အဆောက်အအုံ ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တည်နေရာနှင့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တည်နေရာ**
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်၊ ရေဖြူ၊ သရက်ချောင်း၊ လောင်းလုံး၊ ဘုတ်ပြင်းနှင့် တနင်္သာရီမြို့နယ်များ

(ခ) **လုပ်ငန်းများ**
ခြောက်ခန်းတွဲ နှစ်ထပ်(၁၂)ခန်း၊ RC စုစုပေါင်းဧရိယာ(၈၁၁၂)စတုရန်းပေ

၃။ တင်ဒါရောင်းချ/လက်ခံမည့်ရက်မှာ ၂၄-၄-၂၀၁၅ ရက်မှ ၂၅-၅-၂၀၁၅ ရက်အထိဖြစ်ပြီး ရုံးဖွင့်ရက် နေ့စဉ် နံနက် ၁၀း၀၀ နာရီမှ မွန်းလွဲ ၁၄း၀၀ နာရီအထိ တင်ဒါပုံစံတစ်စုလျှင် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ထားဝယ်မြို့တွင်ဝယ်ယူနိုင်ပြီး တင်ဒါဖွင့်ပွဲကို ၂၈-၅-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီတွင် အထက်ဖော်ပြပါရုံးခွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၈၆၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန

၁။ အားကစားဝန်ကြီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) အားကစားပစ္စည်းများ
(ခ) မီးသတ်ဆေးဘူးများ
(ဂ) မြက်ဖြတ်စက်များ
(ဃ) 10 KVA Transformer
(c) ဆေးခန်းသုံးပစ္စည်းများ
(စ) Outdoor Fitness
(ဇ) Hand Roller
(ဆ) ရုံးသုံးစက်ပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၇-၄-၂၀၁၅ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၄-၂၀၁၅ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများအား ရုံးအမှတ် ၃၁၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၆၂၈ သို့ လာရောက်ဆက်သွယ် ထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အားကစားနှင့်ကာယပညာဦးစီးဌာန

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် -၆၈
ကွယ်လွန်သူ ဦးလန်ချူး (Leong Tze Choon) ၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ကုက္ကိုင်းရေကူးကန်လမ်း၊ အမှတ်(၃၂/က)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလန်ချူး (Leong Tze Choon) ၏ ကျန်ရှိသောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်အကျင်(ခ)ဒေါ်ရှုကျင်(ခ)ဒေါ်စန်းစန်းတင့်နှင့် ဒေါ်အရင်တို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ ခုနှစ် မေ ၇ ရက် (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်)နံနက် ၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလန်ချူး (Leong Tze Choon)၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါ အမှုတွင် ၄င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၅ခုနှစ် မေ ၇ရက် (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှူခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ယခုမိန့်ကြား ဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်အကျင်(ခ)ဒေါ်ရှုကျင်(ခ)ဒေါ်စန်းစန်းတင့်ပါ (၂)တို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် ဧပြီ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်နှင်းဦး)
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၂၉၀၊ မြေကွက်တည်နေရာအမှတ် ၁၇၄၊ ၉ လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးကျော်ဝင်း) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဖခင် (ဦးကျော်ဝင်း)၊မိခင် (ဒေါ်စောမြိုင်(ခ)ဒေါ်မြိုင်) တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်မေမြ ၁၂/၃ကတ(နိုင်)၀၄၈၅၉၁၊ ဦးရဲထွန်း ၁၂/၃ကတ(နိုင်)၀၄၈၀၄၈ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလုပ်လျှောက်လွှာခေါ်ယူခြင်း
(ပြည်တွင်း၌သာခန့်ထားရန်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးရှိ မေတ္တာစမ်းရေဆေးခန်းတွင် တာ၀နဉ်ထမ်းဆောင်ရန်အတွက် လစာနှုန်း(၃၇၀၀၀၀/-)ဖြင့် လက်ထောက်ဆရာ၀နံ(၃)နေရာ လစ်လပ်လျက်ရှိပါသဖြင့် စိတ်ပါ၀င်စားသူများ လျှောက်ထားနိုင်ပါသည်။ လိုအပ်သော အရည်အချင်းမှာ ဆေးပညာဘွဲ့ရရှိပြီး ဆရာ၀နမှတ်ပုံတင်(ဆမ) ရရှိပြီးသူဖြစ်ရမည်။ လုပ်ငန်းလိုအပ်ချက်အရ ရုံးလုပ်ငန်းကိုလည်းကူညီဆောင်ရွက်ရပါမည်။

စိတ်ပါ၀င်စားသူများသည် ကိုယ်ရေးအချက်အလက်ပြည့်စုံစွာရေးသားထားသော ကိုယ်ရေးလျှောက်လွှာ(လိုင်စင်ဓာတ်ပုံအပါ)သက်ဆိုင်ရာရဲစခန်းနှင့်ရပ်ကွက်ရုံး၊ ထောက်ခံချက်၊ ပညာအရည်အချင်း၊ အိမ်ထောင်စုစာရင်းမိတ္တူ၊အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့် အတူမြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သုခုမလမ်း၊ ဒဂ္ဂီဏာသီရိမြို့နယ်၊ နေပြည်တော်သို့ ၅-၅-၂၀၁၅ ရက်နောက်ဆုံးထား၍ ပေးပို့ရပါမည်။လုပ်ငန်းပိုင်းဆိုင်ရာ တာ၀နဉ်ဝတ္တရားများနှင့် တာ၀နဉ်ခံထားရမှုအခြေအနေအသေးစိတ်ကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ဖုန်း-၀၆၇-၄၁၉၀၁၁၊ ၀၆၇-၄၁၉၀၁၂။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

စက်မှုဝန်ကြီးဌာန
မြန်မာ့ဆေးဝါးလုပ်ငန်း
ဆေးဝါးစက်ရုံ(အင်းစိန်)မှ

အဆောက်အအုံ(၁၁)လုံးတို့အား ရောင်းချရန်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ အဆောက်အအုံ(၁၁)လုံးတို့အား မျက်မြင်အခြေအနေအတိုင်း Lot အလိုက် တင်ဒါဖြင့်ရောင်းချလိုပါသည်-

(က) မြင်းအဆိပ်ထိုးသွေးဖောက်အဆောက်အအုံနှင့် ရုံးခန်းနှင့်ဓာတ်ခွဲခန်းအဆောက်အအုံ (၂)လုံး- Lot A
(ခ) မြွေကန် (၁)လုံး- Lot B
(ဂ) မြင်းဇောင်းအမှတ် (B,C,D,E) (၄)လုံး- Lot D
(ဃ) မြင်းဇောင်းအမှတ် (H,J,K,L) (၄)လုံး- Lot E

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၇-၄-၂၀၁၅ရက် (တနလာနေ့)
တင်ဒါပိတ်မည့်ရက်/အချိန် - ၄-၅-၂၀၁၅ရက် (တနလာနေ့) ၁၆း၀၀ နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇) ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ နေပြည်တော်

အသေးစိတ်စုံစမ်းသိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်-

မြန်မာ့ဆေးဝါးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန
ဖုန်း-၀၆၇-၄၀၈၁၈၇၊ ၄၀၈၀၆၆၇၊ ၄၀၈၃၉၂

CONGRATULATIONS

Our heartiest welcome and warmest congratulations
on the successful opening of
"Bank of Tokyo Mitsubishi UFJ"
Yangon branch in Myanmar on 22nd April 2015.
Wishing you further success and achievements in
providing excellent banking services
for the benefit and economic development of Myanmar.

Chairman and Board of Directors
KBZ Bank Ltd.

CONGRATULATIONS

Our heartiest welcome and warmest congratulations
on the successful opening of
"Oversea Chinese Banking Corporation"
Yangon branch in Myanmar on 23rd April 2015.
Wishing you further success and achievements in
providing excellent banking services
for the benefit and economic development of Myanmar.

Chairman and Board of Directors
KBZ Bank Ltd.

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

ပန်းလှိုင်ဆေးရုံ နလုံးဌာန အထူးအစီအစဉ်

နလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိမြန်မာနိုင်ငံမှနလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးတို့ပူးပေါင်း၍

- နလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

စသည်တို့ကိုလာရောက်ကုသပေးမည်ဖြစ်ပါသည်။

ဧပြီလ (၂၆) ရက်မှ (၂၈) ရက်နေ့အထိ

LIKE US ON facebook
Pun Hlaing Hospital

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၃၃၂၂၊ ၆၈၃၃၂၂၅၊ ၆၈၃၃၂၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၁၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing-phih@spa-mm.com

မိဘ အမည်မှန် ပေါင်ဖြို့၊ ပေါင်းရပ်ကွက်၊ အမက ဘူတာပိုင်း၊ စတုတ္ထတန်းမှ မောင်ကောင်းဆက်ဟန်၏ မိဘအမည်မှန်မှာ ဦးခင်မောင်သန်း-ခေါ်သန္တာစိုး ဖြစ်ပါကြောင်း။ **ဦးခင်မောင်သန်း-ခေါ်သန္တာစိုး**

ပျောက်ဆုံးကြောင်း ကျွန်တော်မောင်ဇော်မြင့်နိုင် ၁၂/သကတ(နိုင်)၁၃၂၁၁၃ ၏ MA-55627 လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၉၂၄၃၆**

အမည်ပြောင်း ကော့သောင်းမြို့ ရွှေမင်းဝံ အလက GRADE-(8) မှ မောင်ဖြိုးထက်ဟန် (ဘ)ဦးဟန်ဝင်းအောင်အား မောင်ကောင်းဆက်ဟန်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းဆက်ဟန်**

လူသားအကျိုးပြုအိုဇုန်းလွှာကြီး ပြန်လည်ထူထဲလာစေရေး

မောင်သောင်းဝင်း (တမန်ဟောင်း)

လူသားတို့သည် နေ့စဉ်နီးပါး နေရောင်ခြည်နှင့် ထိတွေ့နေရသည်။ ကျွန်တော်တို့ ထိတွေ့နေရသော ထိုနေရောင်ခြည်တွင် လူကိုထိခိုက်စေနိုင်သည့် ခရမ်းလွန်ရောင်ခြည်များ ပါဝင်လျက်ရှိသည်။ ထိုခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကာကွယ်ပေးလျက်ရှိသည့် သဘာဝဒိုင်းကြီးမှာ အိုဇုန်းလွှာပင်ဖြစ်သည်။ နိုင်ငံတကာအသိုက်အဝန်းများသည် အိုဇုန်းလွှာပါးလွှာမှု အပေါ် အလေးထား၍ စုပေါင်းကာကွယ်စောင့်ရှောက်လျက်ရှိကြသည်။ ထိုကျေးဇူးတရားများကြောင့် ကမ္ဘာမြေကြီးကို ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ အကာအကွယ်ပေးထားသည့် အိုဇုန်းလွှာသည် လာမည့် ဆယ်စုနှစ်ကာလအတွင်း ပြန်လည် နာလန်ထူလာတော့မည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက အစီရင်ခံတင်ပြခဲ့သည်။ ၄င်းအစီရင်ခံစာကို ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP)နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO) တို့ ပူးပေါင်း၍အကဲဖြတ်သုံးသပ်ထားခြင်းဖြစ်သည်။

အိုဇုန်းလွှာပါးလွှာလာမှုဖြစ်ပေါ်စေသည့် အရာဝတ္ထုများ အသုံးပြုမှုအား ကာကွယ်ပေးသည့် မွန်ထရီရယ်ပဋိညာဉ် (Montoreal Protocal) ကို ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၄င်းစာချုပ်အရ အိုဇုန်းလွှာပါးလွှာစေနိုင်သည့် အရာဝတ္ထုပစ္စည်းများ ထုတ်လုပ်မှုကို တဖြည်းဖြည်းလျှော့ချရပ်ဆိုင်းစေခြင်းအားဖြင့် အိုဇုန်းလွှာကို ကာကွယ်ခဲ့သည်။ ထိုသို့ကာကွယ်မှုကြောင့် အိုဇုန်းလွှာစံနှုန်းသည် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ရှိနေခဲ့သည့် ထူထဲမှုစံနှုန်းအဆင့်သို့ ပြန်လည်ရောက်ရှိလာနေပြီဖြစ်သည်။

မွန်ထရီရယ်ပဋိညာဉ်တွင် ပြဋ္ဌာန်းထားသည့် သဘောတူညီချက်များအရ လေထုတွင်း (Chlorofluorocarbon-CFC)နှင့် ဟေလွန်ဂျင်ကဲ့သို့သော ဓာတ်ငွေ့များ ပိုမိုပါဝင်နေမှုကို လျှော့ချနိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ရေခဲသေတ္တာများ၊ စပရေဘူးများ၊ လျှပ်ကာပစ္စည်းများနှင့် မီးသတ်ဆေးဘူးများ အသုံးပြုသည့်အခါ CFC ဓာတ်ငွေ့များ ထုတ်လွှတ်လေ့ရှိပါသည်။ ၁၉၈၇ ခုနှစ်လွန်ကာလတွင် အိုဇုန်းလွှာပါးလွှာစေသည့် ဒြပ်ပစ္စည်းများဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုသည် ၁၀ ဂစ်ဂါတန်အထိ ရှိခဲ့သည်။

ထိုမွန်ထရီရယ်ပဋိညာဉ် ပြဋ္ဌာန်းမှုကြောင့် လက်ရှိအချိန်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို ၉၀ ရာခိုင်နှုန်းကျော်အထိ လျှော့ချနိုင်ပြီဖြစ်သည်။ မွန်ထရီရယ်ပဋိညာဉ်ကို အပြည့်အဝလိုက်နာဆောင်ရွက်ခြင်းအားဖြင့် အိုဇုန်းလွှာအနေအထားသည် ၂၀ ရာစုမတိုင်မီကာလက အာတိတ်နှင့် အန္တာတိကဒေသတို့တွင်ရှိခဲ့သည့် အိုဇုန်းလွှာအနေအထားသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

သက်ရှိလူသားများ နေထိုင်လျက်ရှိသည့် ကမ္ဘာမြေထုကြီးအား ကင်ဆာရောဂါဖြစ်စေနိုင်သော ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှကာကွယ်ပေးသည့် အိုဇုန်းလွှာသည် နှစ်ကာလအတန်ကြာ ပါးလွှာလာမှုဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်ထူထဲလာမည့် ကြိုတင်လက္ခဏာများ တွေ့ရှိလာရသည်ဟု ကုလသမဂ္ဂလေ့လာချက်များတွင် ထုတ်ပြန်ထားရှိသည်။ အန္တာတိကတိုက်ပေါ်တွင် နှစ်စဉ်ကြီးထွားလာသော အိုဇုန်းလွှာအပေါက်သည် လက်ရှိအချိန်တွင် အပေါက်ဆက်လက်ဖြစ်ပေါ်နေခြင်းမှ ရပ်ဆိုင်းသွားပြီဟု ဆိုသည်။

အိုဇုန်းလွှာအပေါက်ကျုံ့သွားစေရန် ဆယ်စုနှစ်တစ်စုခန့်အချိန်ယူရမည်ဖြစ်သည်။ လူသားတို့သည် အိုဇုန်းလွှာကြီးအား စက်မှုတော်လှန်ရေးမစမီကာလကပိုင်ဆိုင်ထားသည့် သဘာဝအခြေအနေမျိုးသို့ ပြန်လည်ရောက်ရှိလာစေရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ထိုသို့အားထုတ်ရာတွင် ကမ္ဘာမြေကြီးနှင့်ကပ်လျက်ရှိသော လေထုလွှာကို ပြောင်းလဲနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချပေးနိုင်သော နည်းလမ်းများဖြင့် စတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ ကမ္ဘာမြေပေါ်သို့ ခရမ်းလွန်ရောင်ခြည် ကျရောက်မှုသည် တဖြည်းဖြည်း လျော့နည်းလာပြီဖြစ်ကြောင်းနှင့် အိုဇုန်းလွှာအတွင်းရှိ ခရမ်းလွန်ရောင်ခြည်အဆင့်သည် လည်း ပြောင်းလဲလာပြီဖြစ်သည်ဟု သိပ္ပံပညာရှင်များက

မွန်ထရီရယ်ပဋိညာဉ်ကို အပြည့်အဝလိုက်နာဆောင်ရွက်ခြင်းအားဖြင့် အိုဇုန်းလွှာအနေအထားသည် ၂၀ ရာစုမတိုင်မီကာလက အာတိတ်နှင့် အန္တာတိကဒေသတို့တွင်ရှိခဲ့သည့် အိုဇုန်းလွှာအနေအထားသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်

အခိုင်အမာပြောဆိုထားသည်။

အိုဇုန်းဓာတ်ငွေ့သည် အောက်ဆီဂျင်မှတစ်ဆင့် ဖွဲ့စည်းထားသည့် ဓာတ်ငွေ့ဖြစ်ပြီး သဘာဝအားဖြင့် ကမ္ဘာ့မြေနှင့်ကပ်လျက်ရှိသည့် လေထုထဲတွင် တွေ့ရလေ့ရှိသည်။ ကျွန်တော်တို့နှင့် ရင်းနှီးကျွမ်းဝင်သော အောက်ဆီဂျင်ဓာတ်ငွေ့သည် ဒိုင်အောက်ဆီဂျင် (O_2) ဖြစ်သည်။ ၄င်းဓာတ်ငွေ့သည် ကမ္ဘာ့လေထု၏ ၂၁ ရာခိုင်နှုန်းရှိသည်။ အိုဇုန်းသည် ထရိုင်အောက်ဆီဂျင် (O_3) ဖြစ်ပြီး ရှားပါးသည့် ဓာတ်ငွေ့ဖြစ်သည်။ ထူးခြားသည့်အချက်သည် ဓာတ်ငွေ့မော်လီကျူး ၁၀ သန်းတွင် အိုဇုန်းမော်လီကျူးသုံးခုသာလျှင် တွေ့ရှိရခြင်းဖြစ်သည်။ သို့ဖြစ်၍ အိုဇုန်းဓာတ်ငွေ့ ၁၀ ရာခိုင်နှုန်းကိုသာလျှင် ကမ္ဘာမြေပြင်နှင့် နီးကပ်လျက်ရှိသည့် လေထုအတွင်း၌ တွေ့ရှိနိုင်ပါသည်။ ထို့ထက်မြင့်မားသည့် အထက်လေထုလွှာ၌ အိုဇုန်း ၉၀ ရာခိုင်နှုန်းခန့် တွေ့ရှိရသည်။ ယင်းအိုဇုန်းလွှာသည် ကမ္ဘာမြေထုအားနေရောင်ခြည်မှ ကျရောက်လာမည့် ခရမ်းလွန်ရောင်ခြည်သင့်မှုအန္တရာယ်ကို ကာကွယ်ပေးလျက်ရှိသည်။

နေရောင်ခြည်မှ ဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည် (Ultra Violet-UV)အား ရောင်ခြည်ဖြာထွက်မှု အလျားကို အခြေခံလျက် UV-a၊ UV- b နှင့် UV-c ဟူ၍ သုံးမျိုးခွဲခြားထားသည်။ အိုဇုန်းမော်လီကျူးများသည် သက်ရောက်မှုမတူညီသည့် ခရမ်းလွန်ရောင်ခြည်သုံးမျိုးအပေါ် မတူညီသော ရောင်ခြည်တန်းများဖြင့် တုံ့ပြန်ကာကွယ်ပေးသည်။ အိုဇုန်းမော်လီကျူးများသည် ခရမ်းလွန်ရောင်ခြည် (UV-c) အပေါ် ထိရောက်စွာ တုံ့ပြန်နိုင်ပြီး ကမ္ဘာ့မြေပြင်အထက် မိုင် ၂၀ ခန့်တွင် လုံးဝကာကွယ်ပေးနိုင်သည်။ အိုဇုန်းဓာတ်ငွေ့သည် ဒုတိယအမျိုးအစားဖြစ်သည့် ခရမ်းလွန်ရောင်ခြည် (UV-a) အပေါ်တွင် သက်ရောက်မှုအနည်းငယ်သာ ရှိသော်လည်း ၄င်းရောင်ခြည်သည် နေလောင်ခြင်း၊ သို့မဟုတ် မျိုးရိုးဗီဇပျက်စီးမှုကို တိုက်ရိုက်ဖြစ်ပွားမှုမရှိသဖြင့် လွန်စွာပူပန်စရာမလိုအပ်ပေ။ သို့သော် ခရမ်းလွန်ရောင်ခြည် (UV-b)သည် ကမ္ဘာမြေပေါ်သို့ အဆိုးရွားဆုံးသက်ရောက်မှုရှိသည့် ရောင်ခြည်တစ်မျိုးဖြစ်သည်။ လူခန္ဓာကိုယ်ပေါ်သို့ ၎င်း (UV-b) တိုက်ရိုက်ကျရောက်ပါက အရေပြားကင်ဆာကဲ့သို့သော DNA ပျက်စီးမှုများအား ပြင်းထန်စွာ ခံစားရသည်။ သို့သော် ကံကောင်းထောက်မစွာဖြင့် အိုဇုန်းလွှာသည် ခရမ်းလွန်ရောင်ခြည် (UV-b) အများစုကို ကာကွယ်ပေးထားပြီး အချို့သာလျှင် ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်လျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာပါးလွှာမှုဖြစ်ပေါ်လာသလောက် ကမ္ဘာမြေပြင်ပေါ်သို့ UV-b ရောက်ရှိမှုအဆင့်လည်း မြင့်မားလာစေနိုင်ပါသည်။

မွန်ထရီရယ် ပဋိညာဉ်သည် အိုဇုန်းလွှာပါးလွှာမှုဖြစ်ပေါ်စေသည့် CFC ထုတ်လွှတ်မှုကို အဆင့်တစ်ခုအထိ လျှော့ချနိုင်သော်လည်း ရာသီဥတုအပေါ် သက်ရောက်လျက်ရှိသည့် ဆိုးကျိုးများကိုမူ လျှော့ချနိုင်ခြင်းမရှိသေးဟု ၄င်းအစီရင်ခံစာတွင် အကဲဖြတ်သတိပေးထားပါသည်။ CFC သည် အိုဇုန်းလွှာအပေါ် ထိခိုက်မှုဖြစ်စေနိုင်သည့်အပြင် ဖန်လုံအိမ်ဓာတ်ငွေ့များကိုပါ ထုတ်လွှတ်နိုင်ပါသည်။ နှစ်စဉ်ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် လက်ရှိအချိန်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု၏ ၀ ဒသမ ၅ ဂစ်ဂါတန်ခန့်ရှိသည်။ နှစ်စဉ်ခုနှစ်ရာခိုင်နှုန်းခန့် တိုးတက်ထုတ်လွှတ်လျက်ရှိရာလာမည့် ဆယ်စုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်လာစေနိုင်ပါသည်။ အိုဇုန်းလွှာပါးလွှာမှုသည် ၂၁ ရာစု၏ ဒုတိယနှစ်ဝက်ကာလတွင် လေထုထဲ၌ ရေရှည်ရပ်တည်နေသော ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနှင့် နိုက်ထရစ်အောက်ဆိုက်ပါဝင်မှုတို့အပေါ် များစွာတည်မှီလျက်ရှိသည်။

ခြုံငုံကြည့်ပါက ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းဓာတ်ငွေ့သည် ကမ္ဘာ့အိုဇုန်းလွှာကို ပါးလွှာမှုမြင့်မားစေနိုင်သည့် အလားအလာရှိနေပါသည်။ စားသောက်ကုန်များထုတ်လုပ်ရာမှ ထွက်ပေါ်လာသော နိုက်ထရစ်အောက်ဆိုက်သည် ဖန်လုံအိမ်ဓာတ်ငွေ့အပြင် အိုဇုန်းလွှာပါးလွှာလာမှုဖြစ်ပေါ်စေသည့် ဓာတ်ငွေ့လည်းဖြစ်သည်။ ထို့ကြောင့် ၄င်းဓာတ်ငွေ့သည် အနာဂတ်အိုဇုန်းလွှာ ပါးလွှာလာမှုဖြစ်ပေါ်စေနိုင်သည့် ဓာတ်ငွေ့တစ်မျိုးပင်ဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော်တို့သည် ကမ္ဘာမြေပေါ်သို့ ကျရောက်လျက်ရှိသည့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ဒိုင်းသဖွယ်ကာကွယ်ပေးနေသော လူသားအကျိုးပြုအိုဇုန်းလွှာကြီး ပြန်လည်ထူထဲလာရေးအတွက် CFC ဓာတ်ငွေ့များထုတ်လွှတ်လျက်ရှိသည့် လူသုံးကုန်ပစ္စည်းများကို တတ်နိုင်သမျှလျှော့ချအသုံးပြုသွားရန် အချိန်တန်နေပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မြိုင်မြို့၌ ရေပေးဝေရေးဆောင်ရွက်

မြိုင် ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့၌ သင်္ကြန်ရက်အတွင်း စက်ရေတွင်း၌ ပန့်ပျက်စီးမှုကြောင့်သောက်သုံးရေ အခက်အခဲများဖြစ်ပေါ်ခဲ့ရာ ဧပြီ ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ရေပေးဝေရေးအဖွဲ့တို့ ပူးပေါင်းပြုပြင် ဆောင်ရွက်နေကြောင်း သိရသည်။ မြို့ပေါ်ပို့လွှတ်နေသော ရေငုတ်မီတာတပ်ရေတိုင်း ၁၇၀၀ အားပို့လွှတ်နေသော စက်ရေတွင်း အမှတ်၂ မှ အတွင်း ရေပန့်မီတာနှင့် ရေတွင်းချီးဆည်လုပ်ငန်းများကို ညောင်ဦးခရိုင် ကျေးလက်ဦးစီးဌာနအကူအညီဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြုပြင်နေမှုအား မြိုင်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်း၊ စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်များက အနီးကပ် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြုပြင်ဆောင်ရွက်နေသော စက်ရေတွင်းသည် ၂၀၀၅ ခုနှစ်က တူးဖော်ခဲ့ပြီး ယခုလိုနွေရာသီအချိန် ရေသုံးစွဲမှုများလာခြင်း လျှပ်စစ်အားမပြည့်ဝခြင်း ရေထွက်အားနည်းလာခြင်းကြောင့်အတွင်း ရေပန့်မော်တာပိုက်တိုး၍ပြုပြင်ဆောင်ရွက်ပြီး လျှပ်စစ်မီးအားကောင်းချိန်တွင် ရေပို့လွှတ်နိုင်ပြီဖြစ်ကြောင်း ဦးစီးအရာရှိဦးမြင့်ဟန်ထံမှ သိရသည်။

စိန်မြိုင်(မြိုင်)

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျဲတလင်းကျေးရွာအုပ်စု ဧီးအိုင်ကျေးရွာတွင် ဧပြီ ၂၁ ရက်ညနေ ၆ နာရီက လေပြင်းတိုက်ခတ်သဖြင့် အဆိုပါကျေးရွာရှိ မူလတန်းကျောင်းဆောင် အမိုးသွပ်များ ပျက်စီးသွားစဉ်။ (အဆိုပါကျောင်းဆောင်အား ကျောင်းဖွင့်ကာလမတိုင်မီ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။) **ကျော်ဇေယျဝင်း(iprd)**

စာဆိုတော်ကြီးများကို ဂုဏ်ပြုသောအားဖြင့် နှစ်ဦးရင်ခွင်ကဗျာသံစဉ်ရွတ်ပွဲ ကျင်းပ

မူဆယ် ဧပြီ ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ဧပြီ ၂၁ ရက်က မူဆယ်မြို့ စာရေးဆရာအသင်း မူဆယ်မြို့နယ် ဂီတအစည်း အရုံးနှင့် ကဗျာချစ်သူများ၊ ဂီတအစည်းအရုံး အဖွဲ့ဝင်များပေါင်းစု၍ နှစ်သစ်ကူး အခါသမယတွင် စာဆိုတော်ကြီးများ အား ဂုဏ်ပြုဂါရဝပြုသောအားဖြင့် နှစ်ဦးရင်ခွင် ကဗျာသံစဉ်အမည်ဖြင့် ကဗျာရွတ်ပွဲကို ဧရာရွှေတောင် စားတော်ဆက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာရေး ဆရာအသင်း အတွင်းရေးမှူး နိုင်မျိုးသစ္စာ (နမ္မတူ)က မုဒိတာစကား ပြောကြား၍ မြို့နယ် ဂီတအစည်း အရုံးဥက္ကဋ္ဌ ဦးသိန်းဇော်က ကဗျာရွတ်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များ ကိုရှင်းလင်းပြီး ကဗျာဆရာများကိုယ်စား ကဗျာဆရာကျော်မျိုးနွယ်က ကဗျာရွတ်ပွဲ ဖြစ်ပေါ်လာပုံကို ရှင်းလင်းသည်။

ထို့နောက် ကဗျာဆရာ မကျည်းတန် (လွိုင်ကော်)၊ နိုင်သျှား(မိုးမိတ်)၊ မြင့်အောင် (မူဆယ်)၊ မိုးနေ(မော(ဝ်) နေခြည်)၊ ဆန်းလင်း၊ ဉာဏ်မင်း (နမ့်ခမ်း)၊ သန်းတင်-မိုင်းယု (၁၀၅) မိုင်မြေ၊ မျိုးခိုင်(မူဆယ်)၊ ပန်းရိုင်း (ရွှေဘို)၊ ကျော်မျိုးနွယ်၊ ထွန်းကိုကိုနှင့် ကဗျာ ဆရာ ၁၆ ဦးက ရင်တွင်းခံစား ချက်များကို ကဗျာရွတ်ဆိုခဲ့ကြပြီး မော(ဝ်) နေခြည်စာကြည့်တိုက် အတွက် ကဗျာဆရာ နိုင်သျှား (မိုးမိတ်) က ကိုယ်တိုင်ရေးစာအုပ်များ လှူဒါန်းခဲ့သည်။

"ကျွန်တော်တို့ နှစ်ဦးကာလမှာ စာဆိုတော်ကြီးများကို ဂုဏ်ပြုခြင်း၊ ကန်တော့ခြင်း အထိမ်းအမှတ် အနေနဲ့ ဒီကဗျာရွတ်ပွဲလေးကို ဂီတ နှင့်စာပေ ပေါင်းစပ်ပြီး ကျင်းပခဲ့တာ ပါ။ စာဆိုကြီးတွေရဲ့ စာတွေဖွဲ့ဆိုမှု တွေဟာလည်း ဒီလိုရာသီမှာ ဖွဲ့ဆို ထားတာတွေ များများတွေ့ရတဲ့ အတွက် စာဆိုတွေ၊ စာဖွဲ့တဲ့ ရာသီ အလားတောင် ထင်မှတ်ရပါတယ်။ အခုလို နှစ်ဦးနှစ်ဆန်းကာလမှာ မြန်မာ့ယဉ်ကျေးမှု ကောင်းမှုကုသိုလ် တွေနဲ့အတူ ပေါ်ထွန်းလာတဲ့ ပွဲလေး ပါ။ ဒီလို ရည်ရွယ်ချက်နဲ့ နှစ်ဆန်း ကာလမှာ နိုင်ငံနှင့်အဝန်း ဖြစ်စေချင် တဲ့ ဆန္ဒလေးလည်းပါပါတယ်" ဟု ကဗျာရွတ်ပွဲဖြစ်မြောက်ရေး ကော်မတီဝင် ကဗျာဆရာတစ်ဦးက ပြောကြားသည်။

သိန်းဇော်(ရွှေလီဦး)

မင်းလှမြို့နယ်၌ ယဉ်ကျေးလိမ္မာနှင့် နွေပညာဒါနသင်တန်းပို့ချ

မင်းလှ ဧပြီ ၂၄

သာယာဝတီခရိုင် မင်းလှမြို့နယ် အမှတ် ၂ ရပ်ကွက် သဒ္ဓမ္မပဇ္ဇောတာရုံ စာသင်တိုက်တွင် ယဉ်ကျေးလိမ္မာနှင့် နွေပညာဒါနသင်တန်းပို့ချခြင်းကို ဧပြီ ၂၁ မှ စတင်၍ အခမဲ့သင်ကြားပေးလျက်ရှိသည်။

သင်တန်းကို သဒ္ဓမ္မပဇ္ဇောတာရုံစာသင်တိုက် ပဓာနနာယက ဆရာတော် ဦးကုမာရနှင့် အာရုံဦးဆွမ်းကပ်အဖွဲ့ ဆရာ ဆရာမများက ဦးစီးပြီး စတုတ္ထ တန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူလေးများကို လာရောက် သင်ကြားလျက်ရှိသည်။ အနာဂတ် ဘာသာ၊ သာသနာအတွက် လိုအပ်သော ယဉ်ကျေးမှုနှင့် စာရိတ္တကောင်းမွန်စေရန်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်သော ပညာရေးခေတ်၌ လိုအပ်နေသော သချာ်ဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ကို ထည့်သွင်းလျက် ဘက်စုံထူးချွန်တိုးတက်စေရန်လည်းကောင်း ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ်ခြင်းဖြစ်သည်။ ယခင်နှစ်ပထမအကြိမ်တွင် ကျောင်းသားဦးရေ ၁၃၀ တက်ရောက်ကာ ယခုနှစ် ဒုတိယအကြိမ်တွင် ၁၄၅ ဦးတက်ရောက်သင်ကြား လျက်ရှိပြီး သင်တန်းကာလမှာ ဧပြီ၂၁ ရက်မှ ၂၇ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ပေါက်စ(iprd)

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေအတွက် အဓိက အားထားရသော ရှေးဟောင်းသမိုင်းဝင် ကျီးနီကန်ကြီး၏ ကန်အတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ပြန်လည်မြှုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၁၉ ရက်ကပြီးစီးမှုအပိုင်းကို တွေ့ရစဉ်။

အတ်ကလေး(ရမည်းသင်း)

ဓမ္မစကူးလ်သင်တန်းဆင်း၊ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်

လေးမျက်နှာ ဧပြီ ၂၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကညင်တိုင်ကျေးရွာ အုပ်စု တုံးတောကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဓမ္မစကူးလ်သင်တန်းဆင်းပွဲနှင့် လှော်ကထားကျေးရွာအုပ်စု လယ်ဦးစုကျေးရွာ အခြေခံပညာမူလ တန်းကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းတို့တွင် နွေရာသီယဉ်ကျေး လိမ္မာသင်တန်းဖွင့်ပွဲများကို ဧပြီ ၂၀ ရက်က ကျင်းပရာ ဆရာတော် သံယာ တော်များ၊ တာဝန်ရှိသူများ ၊ ဌာနဆိုင် ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

တုံးတောကျောင်းတိုက်၌ ဓမ္မ စကူးလ်သင်တန်းဆင်းပွဲသို့ မွေးမြူရေး ဝန်ကြီး ဦးစန်းမောင်၊ စည်ပင်သာယာ ရေးဝန်ကြီး ဦးကျော်ဝင်းနိုင်တို့ တက်ရောက်ပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ဓမ္မစကူးလ်သင်တန်းအတွက် အလှူငွေကျပ် နှစ်သိန်းလှူဒါန်းခဲ့ ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် အဖွဲ့သည် လယ်ဦးစုကျေးရွာတွင် ဖွင့်လှစ်သော နွေရာသီယဉ်ကျေး လိမ္မာသင်တန်းဖွင့်ပွဲသို့ တက် ရောက်၍ ယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်ကြသော ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်ကို ဗုဒ္ဓ ဘာသာနှင့် သိသင့်သိထိုက်သည်များ ကို ပြောကြားခဲ့သည်။

ထို့နောက် စည်ပင်သာယာရေး ဝန်ကြီးက သင်တန်းအတွက် အလှူ ငွေကျပ် ခုနစ်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်း ထွန်းက ဗလာစာအုပ် ဒါဇင် ၁၀၀ တို့ကို လှူဒါန်းခဲ့သည်။ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းကို ရန်ကုန် မြို့ ဓမ္မစကူးလ်အဖွဲ့နှင့် ဓမ္မရောင်ခြည် အဖွဲ့တို့မှ ဆရာ ဆရာမများ လာရောက် သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

သီဟ(လေးမျက်နှာ)

မြန်မာနှစ်ဆန်း ၁ ရက်၌ ယာဉ်လိုင်းများ အခမဲ့ပြေးဆွဲပေး

ရန်ကုန် ဧပြီ ၂၄

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ခရီးသည်တင်ယာဉ်လိုင်းများရှိ ယာဉ် အချို့တို့မှ ခရီးသွားပြည်သူများကို သတ်မှတ်လက်မှတ်ခမတောင်းခံဘဲ အခမဲ့ ပြေးဆွဲပေးခဲ့ကြောင်း မထယ(ဗဟို)မှ သိရသည်။

မထယ(ဗဟို) ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ယာဉ်လိုင်းအဖွဲ့အစည်း လေးဖွဲ့၊ ယာဉ်လိုင်း ၂၁ လိုင်းမှ စီးတီးဘတ်စ် ၃၅ စီး၊ မီနီဘတ်စ်နှစ်စီး၊ ဘီအမ် ၁၆ စီးနှင့် ဒိုင်နာ ၁၆ စီးတို့ဖြင့် စုစုပေါင်း ၆၉ စီးတို့မှ မြန်မာ နှစ်ဆန်း ၁ ရက် တွင် ခရီးသွားပြည်သူများကို အခမဲ့ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

တင်လှမောင်

စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

မအူပင် ဧပြီ ၂၄

ဧရာဝတီတိုင်းဒေသကြီး မအူ ပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက် ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပ သည့် စာကြည့်တိုက်များဝန်ဆောင် မှုလုပ်ငန်းမြှင့်တင်ရေးအလုပ်ရုံဆွေး နွေးပွဲကို ဧပြီ ၂၂ ရက်က မအူပင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ အလုပ်ရုံဆွေးနွေးပွဲသို့ မအူပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်း တက်ရောက် အမှာစကားပြောကြား သည်။ ဆက်လက်၍ ခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန္ဒာဆွေက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး နောက် စာကြည့်တိုက်များရေရှည် တည်တံ့ ခိုင်မြဲရေးနှင့် စာဖတ်ရှိန်မြှင့် တင်ရေး၊ စာကြည့်တိုက်များဝန်ဆောင် မှုပေးရေးလုပ်ငန်းစဉ်များကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးများ၊ မြန်မာစာပေ ချစ်မြတ်နိုး သူများအသင်း ဥက္ကဋ္ဌ ဆရာဦးကျင် ဝင်း (ကျင်ဝင်းငြိမ်း) မအူပင်၊ ဆရာ ဦးစိုး (ငြိုင်း)ပညာရေးတို့ကခေါင်းစဉ် အလိုက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မအူပင်မြို့နယ်နှင့် ဓနုဖြူမြို့နယ် များမှ စာကြည့်တိုက်ကော်မတီဝင် များ၊ စာကြည့်တိုက်မရှိသော ကျေးရွာ အချို့မှ လေ့လာသူများ စုစုပေါင်း ၄၅ ဦးတက်ရောက်ကြောင်းသိရ သည်။

အောင်ခိုင်

နောင်ချိုမြို့နယ်၌ လေပြင်းတိုက်ခတ်မှု နှစ်ကြိမ်ဖြစ်ပွား

နောင်ချို ဧပြီ ၂၄

နောင်ချိုမြို့နယ်တွင် ဧပြီ ၂၂ ရက် ညနေ၃ နာရီက တစ်နာရီမိုင် ၈၀ ခန့်လေပြင်းများ တိုက်ခတ်ခဲ့သည်။

ဧပြီ ၁၈ ရက် မွန်းလွဲ ၂ နာရီကလည်း မိုးသည်းထန်စွာရွာသွန်းခြင်း နှင့် အတူ လေပြင်းများတိုက်ခတ်ခဲ့ရာ လျှပ်စစ်ကွန်ကရစ်ဓာတ်တိုင်များ၊ တယ်လီဖုန်းတိုင်များ လဲကျပျက်စီးခြင်း၊ ကားလမ်းဘေးသစ်ပင်ကျိုးကျခြင်း၊ လူနေအိမ် သွပ်ပြားများ လေထဲလွင့်ပါခြင်း၊ လူများထိခိုက်ဒဏ်ရာရသေဆုံး ခြင်းများ မရှိခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် မန္တလေး-လားရှိုးကား လမ်းပေါ်သို့ ကျိုးကျနေသော ယူကလစ်ပင်ကြီးများအား တာဝန်ရှိသူများက ခုတ်ထွင်ဖယ်ရှားကြသဖြင့် မူဆယ်-လားရှိုး-မန္တလေးကားများ ပုံမှန်သွားလာနိုင် သည်။ မြန်မာ့ဆက်သွယ်ရေးတာဝန်ခံနှင့် ဝန်ထမ်းများက တယ်လီဖုန်းလိုင်း၊ လျှပ်စစ်မီးများ မပြတ်တောက်စေရေးအတွက် အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့ ကြကြောင်း သိရသည်။

(ဝ၆၁)

သုဂတိစေတနာလူမှုရေးအသင်းကကြီးမှူး၍ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

ပခုက္ကူ ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၁၂) ရပ်ကွက် ခန္တောတော ရပ်ရှိ သုဂတိစေတနာလူမှုကူညီ ရေးအသင်းကကြီးမှူး၍ ရပ်ကွက် တွင်းနေ လူငယ်များမှ အသက် (၈၀) နှင့်အထက် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို ဧပြီ ၂၂ ရက် က အမှတ် (၁၂) ရပ်ကွက် ခန္တော တောရပ်ကွက်ရှိ သုဂတိစေတနာ လူမှုကူညီရေးအသင်းရုံး၌ ကျင်းပ သည်။

အဆိုပါ ပူဇော်ကန်တော့ပွဲတွင် သုဂတိလူငယ်လူမှုကူညီ ရေးအသင်း လူငယ်လေးများက သက်ကြီး ဘိုးဘွား ၅၄ ဦးအား အလှူငွေ များနှင့် ပူဇော်ပစ္စည်းများကို ပေး အပ်လှူဒါန်းခဲ့ကြသည်။

ပခုက္ကူမြို့နယ် သုဂတိ စေတနာ လူမှုကူညီရေးအသင်း သည် မြို့နယ်အတွင်းရှိ လူမှုရေး လုပ်ငန်းများ၊ ပခုက္ကူမြို့နေ ပြည်သူ့ ဆေးရုံကြီးတွင် လိုအပ်သော သွေးများကို လှူဒါန်းပေးလျက် ရှိပြီး လူငယ်များဖွံ့ဖြိုးတိုးတက် စေရန်အတွက် အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေး သင် တန်းများ၊ ယဉ်ကျေး လိမ္မာသင်တန်း များ၊ လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများ၊ အခြေခံသတင်းရေး သားနည်း သင်တန်းများနှင့် ယာဉ် မောင်းသင်တန်းများကိုပါ ဖွင့်လှစ် သင်ကြားလျက်ရှိကြောင်း သိရ သည်။

စိုးလင်းနိုင် (iprd)

သွေးလှူရှင်အသင်းဝင်များအား ဘီပိုးကာကွယ်ဆေးအခမဲ့ထိုးနှံပေး

နေပြည်တော် ဧပြီ ၂၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်းရှိ ပရဟိတသွေးလှူရှင်အသင်းများဖြစ်ကြသော သင်္ဂဟ၊ ရွှေစည်သာ၊ မျှဝေသောလက်၊ မနောဖြူနှင့် ချောင်းကမ်းသွေးလှူရှင်အသင်းများမှ သွေးလှူရှင်မောင်မယ် ၁၃၆ ဦးတို့အား ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးကြီးအရှေ့ဘက်ရှိ သံယဘေသဇ္ဇဝိဟာရဌာန (သံယာ့ဆေးရုံကြီး)အုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးများကို ဧပြီ ၂၂ ရက်က အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာတွင် ဆေးထိုးခကုန်ကျစရိတ်များအား စိုးလျှပ်စစ်စက်ကိရိယာကုမ္ပဏီလီမိတက်က လျှာ်ငါန်း၍ မြန်မာနိုင်ငံဆရာဝန်များအသင်းကိုယ်စားပြု ဒေါက်တာပေါ်မြင့်ဦးနှင့် ဒေါက်တာမင်းညိုတို့ဦးဆောင်သော ဆရာဝန်များက ကုသိုလ်ယူထိုးနှံပေးခဲ့ကြောင်း သံယာ့ဆေးရုံ ရုံးအဖွဲ့မှူး ဦးကျော်သူထံမှ သိရသည်။

ပျဉ်းမနားမြို့သံယာ့ဆေးရုံကြီးသည် ပရဟိတသွေးလှူရှင်အသင်းများမှ အသင်းဝင်လူငယ်မောင်မယ်များအား အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးများကို ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ပထမအကြိမ်နှင့် နိုဝင်ဘာလတွင် ဒုတိယအကြိမ် အခမဲ့ ထိုးပေးခဲ့ပြီးဖြစ်ကာ ယခုထိုးပေးခြင်းမှာ တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

ကာရန်ခ

မိုးပွင့်အထူးစီမံချက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

မိုးညှင်း ဧပြီ ၂၄

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးပွင့်အထူးစီမံချက်ကို ဇန်နဝါရီ ၁ ရက်မှစ၍ ဆောင်ရွက်နေခြင်းဖြစ်ပြီး ဧပြီလအထိ ကျေးရွာအုပ်စု ၁၅ အုပ်စုမှ ကျေးရွာ ၆၅ ရွာနှင့် ရပ်ကွက် ၅ ရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကာ ပြည်သူ ၁၃၆၁ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အင်းတော်ကြီးဒေသ အပါအဝင် ကျေးရွာများသို့လည်း မကြာမီ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး ဦးလှမြင့်က ပြောသည်။

ရပ်ကွက်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးနေသည့်အပြင် မြို့နယ်ရုံးသို့လာရောက်၍ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်သော ပြည်သူများကိုလည်း အဆင်ပြေချောမွေ့စွာရရှိနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုးအောင်(ကချင်မြေ)

ဝမ်းပျက်ဝမ်းလျှောလူနာများအား လူမှုရေးဝန်ကြီးကြည့်ရှုအားပေး

နတ်မောက် ဧပြီ ၂၄

နတ်မောက်မြို့နယ် ကျောက်တန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာမှ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုကြောင့် နတ်မောက်ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသနေကြသည့် လူနာကိုးဦးအား မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းနှင့် တာဝန်ရှိသူများ ဧပြီ ၂၂ ရက်က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝမ်းပျက်ဝမ်းလျှောလူနာ ကိုးဦးအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းနှင့် ဝန်ထမ်းများနှင့်အတူ ကြည့်ရှုအားပေးခဲ့ပြီး လူနာတစ်ဦးချင်းစီကို ထောက်ပံ့ငွေများ ပေးအပ်လျှာ်ငါန်းခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာ၌ ဖြစ်ပွားခဲ့သော ဝမ်းပျက်ဝမ်းလျှောမှုမှ လူနာများကို နတ်မောက်ဆေးရုံကြီး၌ ကုသပေးလျက်ရှိသကဲ့သို့ ကျေးရွာ၌လည်း ဆေးပေးခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ရောဂါဆက်လက် မပြန့်ပွားစေရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဧင်ဝေယံလင်း(နတ်မောက်)

CAVERTA နှင့်ပတ်သက်၍ အများပြည်သူများသိစေရန်

၁။ ကျွန်တော်များ JDS Co., Ltd. သည် အိန္ဒိယနိုင်ငံ Ranbaxy Laboratories Limited မှ ထုတ်လုပ်သော CAVERTA 50 mg နှင့် CAVERTA 100 mg များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ (၄-၁၁-၂၀၁၀)ရက်စွဲပါ Drug Registration Certificate No(R 1601 A 4560/R 1601 A 4561) ဖြင့် မှတ်ပုံတင်ထားပြီး နှလုံးနှင့်အဆုတ် သွေးလည်ပတ်မှုဆိုင်ရာရောဂါများ၊ အမျိုးသားများ ပန်းသေ၊ ပန်းညှိုး ရောဂါများအား ထိရောက်စွာ ကုသနိုင်ရန်အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ အစိုးရဆေးရုံကြီးများ၊ ပုဂ္ဂလိကဆေးရုံကြီးများ၊ ဆေးခန်းများ၊ ဆေးဆိုင်များတွင် တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

၂။ ယခုအခါ မလိုလားအပ်သောရာဇဝတ်မှုများ ကာကွယ်တားဆီးရန်အတွက် တရားမဝင်ဖြန့်ဖြူးရောင်းချလျက်ရှိသော လိင်စိတ်ကြွဆေးဝါးများ ဖမ်းဆီးရာတွင် CAVERTA နှင့်ပတ်သက်၍ မိဘပြည်သူများ ထင်ယောင်ထင်မှားမဖြစ်စေရေးအတွက် အသိပေး ရှင်းလင်းတင်ပြအပ်ပါသည်။

JDS Co., Ltd.၊ အမှတ်(၆/က)၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၉၇၂၁၉၉၆၆၆၊ ၀၉-၇၃၁၈၇၄၃၇၊ ၀၉-၄၃၀၉၇၀၆၅၊ ၀၉-၄၃၀၆၇၉၄၀၊ ၀၉-၂၅၀၇၁၇၅၇၀

လူသတ်မှုတွင် မသက်သာသူအား ရှာဖွေရာမှ ကျောက်စိမ်းတုံး၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများဖမ်းမိ

တာချီလိတ် ဧပြီ ၂၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့ ပါဆပ်ရပ်ကွက် လွန်းကျိုင်းကျေးရွာ၌ လူသတ်မှုဖြင့် မသက်သာသူတစ်ဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားများ၊ မက်အက်ဖီတမင်း(အိုက်စ်)ဟု ယူဆရသောအဖြူရောင်ပုံဆောင်ခဲ၊ ကျောက်စိမ်းအရိုင်းတုံးဟု ယူဆရသော ကျောက်တုံးများနှင့် လက်နက် ခဲယမ်းများကို ဧပြီ ၂၂ ရက်နံနက် ၇ နာရီခွဲက ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ရွှေမိသားစုဟိုတယ်ရှေ့တွင် မတ် ၃၁ ရက်နံနက် ၁ နာရီ ၁၅ မိနစ်က Honda Fit ခရောင် မော်တော်ယာဉ်ပေါ်၌ ထိုင်လျက် သေနတ်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည့် ထိုင်းနိုင်ငံသား ကိုးမင်း(၄၉ နှစ်) ပူလီလန်မြို့ ထိုင်းနိုင်ငံနေသူ၏ ဇနီးမနန်းကိန်ခမ်းက သေနတ်ဖြင့် ပစ်ခတ်သွားသူအပေါ် အရေးယူပေးပါရန် တရားလိုပြုလုပ်တိုင်တန်းသဖြင့် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိပြီး ၄င်းအားဖမ်းဆီးရမိနိုင်ရေးအတွက် စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ ညွှန်ကြားချက်အရ မသက်သာသူ တာချီလိတ်မြို့ ပါဆပ်ရပ်ကွက် လွန်းကျိုင်းကျေးရွာနေ အိုက်ရှဲန် (၄၃ နှစ်)၏ နေအိမ်ကို ဧပြီ ၂၂ ရက်နံနက် ၇ နာရီခွဲခန့်က တာချီလိတ်မြို့မရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး

တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့နှင့် ခရိုင်ဒုစရိုက်နှိမ်နင်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့တို့သည် သက်သေများနှင့်အတူ အဆိုပါနေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ အိုက်ရှဲန်နှင့်အတူ ၉ မမ ကျည်တောင့် ၈၀ နှင့် ၎င်းကျည်ကတ်အလွတ် နှစ်ခု၊ M-16 ကျည်ဘောက် နှစ်ခုနှင့် ၎င်းကျည်တောင့် ၁၄၀၊ GAMO စာတန်းပါ စပိန်နိုင်ငံထုတ် လေသေနတ် အရှည်တစ်လက်၊ ခဲသီးအလုံး ၁၅၀၊ S&W-357 MAGNUM တံဆိပ်ပါ အမေရိကန်နိုင်ငံလုပ် SMITH & WESSON ခြောက်လုံးပြူး တစ်လက်နှင့် ၎င်းကျည်သုံးတောင့်၊ ၎င်း၏ခါးကြားမှ SNN 753 နံပါတ်ပါ ဩစတြေးလျှနိုင်ငံထုတ် ပစ္စတိုသေနတ်တစ်လက်၊ ၉မမကျည် ၁၁ တောင့်နှင့် ၎င်းကျည်ကတ် တစ်ခု၊ အပြာရောင် ပလတ်စတစ်အိတ်အတွင်း WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅ ပြား၊ မက်အက်ဖီတမင်း(အိုက်စ်)ဟု ယူဆရသောအဖြူရောင် ပုံဆောင်ခဲ အလေးချိန်ဂရမ်၄၂၀ ခန့်၊ ပန်းရောင် စိတ်ကြွဆေးမှုန့် ၆ ဂရမ်နှင့် ကျောက်စိမ်းအရိုင်းတုံးဟုယူဆရသော အဖြူရောင်ကျောက်တုံးအလေးချိန် ၆၀ ကီလိုခန့် တစ်တုံး၊ ၅ ကီလိုခန့် တစ်တုံး၊ ၄ ကီလိုခန့်တစ်တုံး၊ ၄ ကီလိုခွဲခန့် တစ်တုံး၊ ၂ ကီလိုခွဲခန့် တစ်တုံး၊ စုစုပေါင်း ၈တုံး၊ မြန်မာနှင့် ထိုင်းနံပါတ်ဆင်းကတ်များ ထည့်ထားသည့် ဖုန်းနှစ်လုံးတို့အား ရှာဖွေတွေ့ရှိရသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အိုက်ရှဲန် လွန်းကျိုင်း ပါဆပ်ရပ်ကွက် တာချီလိတ်မြို့နေသူကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

နောင်ချိုမြို့နယ်တွင် အထွက်တိုးကြီတစ်ကေ တန် ၈၀ အထက်ကျော်လွန်ရေး စိုက်ပျိုးသွားမည်

နောင်ချို ဧပြီ ၂၄

နောင်ချိုမြို့နယ်တွင် ယခုအခါ မိုးရွာသွန်းစဖြစ်နေသောကြောင့် ကျေးရွာ၊ အုပ်စုတောင်သူဦးကြီးများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်တို့က စိုက်ခင်း၊ တောင်ယာထဲတွင် လယ်ထွန်စက်၊ ကွေ၊ နွားတို့ဖြင့် မြေများထွန်ယက်၊ ထယ်ရေးဝင်နေကြသည်။ ယခုနှစ် ၂၀၁၅ ခုနှစ် မိုးရာသီ စိုက်ပျိုးရာသီ၌ အထွက်တိုးကြီမျိုးကောင်းများကို တစ်ဧက တန် ၈၀ ကျော်လွန်ထွက်ရှိစေရေး သိပ္ပံနည်းစနစ်တကျ မျိုးပွားမှုဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပြီး အဓိက စိုက်ပျိုးနေကျဖြစ်သော အထွက်တိုးပြောင်းဖူးကိုလည်း ယမန်နှစ်ကထက် တိုးချဲ့စိုက်ပျိုးသွားမည်ဟု သိရသည်။

နောင်ချိုမြို့နယ် အင်းဝိုင်းကျေးရွာတွင် ဆင်းရှေ့လီသကြားစက်အမှတ်(၂) ဖွင့်လှစ်လည်ပတ်နေသဖြင့် ကြံစိုက်ပျိုးသော တောင်သူဦးကြီးများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ ကျေးရွာပြည်သူများအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများစွာ အထောက်အကူရရှိစေတော့မည်ဖြစ်ကြောင်း ဒေသခံတို့၏ ပြောကြားချက် အရသိရသည်။

စိုးဝင်း(နောင်ချို)

ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲကျင်းပ

နတ်မောက် ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် တောင်ထောင့်ကျေးရွာအုပ်စု ကုန်းဇောင်းကျေးရွာတွင် ဧပြီ ၂၂ ရက်က ဝင်းစားတော်ဆက်မိသားစုမှ မူလွန်ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြေးအောင်၊ တိုင်းပညာရေးညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် ကျောင်းဆောင်သစ်အလှူရှင်မိသားစုက အဆိုပါကျောင်းရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဝင်းစားတော်ဆက်မိသားစု ဒေါ်နန်းအိုခမ်းမှ ကျောင်းဆောင်သစ် လှူဒါန်းရခြင်းကို ရှင်းလင်းပြီး အထိမ်းအမှတ်အလံငယ်နှင့် ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာကြီး ဦးဘရွှေက လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀ ၊ အနံပေ ၃၀ သွပ်မိုးအုတ်ညှပ်တမံသလင်းခင်း လေးခန်းတွဲတစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၄၁၅ သိန်းအကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှဝင်း (iprd)

ဧပြီ ၂၂ ရက်က မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်အသင်းချောင်းသာ ဇုန်နှင့်ဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ချောင်းသာကမ်းခြေအား မှီခိုအသက်မွေးဝမ်းကျောင်းပြုသူများ ကမ်းခြေတစ်လျှောက် အမှိုက်ကောက်ပွဲတော် ပြုလုပ်စဉ်။

စိုးဝင်း (SP)

ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေးဆောင်ရွက်ရာတွင် ကြော်ငြာဆိုင်းဘုတ်များကို သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျစိုက်ထူထားရှိစေရေးဆောင်ရွက်လျက်ရှိပါသည်။ စိုက်ထူထားပြီး ကြော်ငြာဆိုင်းဘုတ်များထဲမှ ထပ်မံအငှားချထားရန်ရှိသော ကြော်ငြာဆိုင်းဘုတ်များအား လုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုပါက ၂၇-၄-၂၀၁၅ ရက်မှ ၆-၅-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ လုပ်ငန်းရေးရာဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင်လာရောက်ဆက်သွယ်၍ အသေးစိတ်စုံစမ်းလျှောက်ထားနိုင်ကြောင်းနှင့် ကြော်ငြာဆိုင်းဘုတ်အရေအတွက်နှင့် နေရာဖော်ပြချက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ Website(www.ycdc.gov.mm)၊ စီမံရေးရာဌာန(Home Page)နှင့် စီမံရေးရာဌာန၊ ကြော်ငြာသင်ပုန်းတွင် ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

စီမံရေးရာဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်ရောင်းမည်
ငပလီ လင်းသာဦးကမ်းခြေနှင့် လမ်းလျှောက်လျှင် ၁၀မိနစ်ခန့်၊ မြေ ၀ဒသမ၅ဧကအား ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။
ဖုန်း-၀၉-၄၂၁၀၉၀၃၃၊ ၀၉-၄၂၀၂၇၆၁၁၃

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ကျွန်မ ဒေါ်ခင်မေဝင်း ၁၄/ဟသတ(နိုင်)၀၂၈၃၃၈၏သား မောင်မင်းထက်လှိုင်(ခ)ထက်ထက် ၁၄/ဟသတ(နိုင်)၂၆၈၃၇သည် မိဘ၏ ဆုံးမစကားကို နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိ၏သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် မောင်မင်းထက်လှိုင်နှင့် ပတ်သက်သည့် ကိစ္စအ၀ဝကို လုံး၀တာ၀နဉ်ယူမည်မဟုတ်ပါကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းနိုင်ပါသည်။)
မိခင်-ဒေါ်ခင်မေဝင်း

အနိုင်ဆိုတာ ဘိုင်ယန်အတွက်ပဲဖြစ်မှာပါ

မိုးမြင့်လင်းလက်

ဘွန်ဒက်စ်လီဂါပွဲစဉ်တွေကို ဧပြီ ၂၅ ရက်ညပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ထိပ်ဆုံးက ဘိုင်ယန်မြူးနစ်က ဟာသာဘာလင်နဲ့ အိမ်ကွင်းမှာ ယှဉ်ပြိုင်ရမှာဖြစ်တာမို့ အမှတ်ပြည့်ဆက်လက်စုဆောင်းမယ့် အခွင့်အရေးတွေရရှိဦးမှာ ဖြစ်ပါတယ်။ ဝေဖန်ပြစ်တင်မှုတွေ မုန်တိုင်းထန်နေတဲ့ကြားက ပြန်လည်ရုန်းထလာတဲ့ ဒေါ်မွန်တို့ကလည်း အိမ်ကွင်းမှာ ဖရန့်ဖတ်ဆီက အနိမ့်ဆုံးတစ်မှတ်ရယူဖို့ ကြိုးစားမယ့်ပုံရိပ်တွေကိုလည်း မြင်တွေ့ကြရဦးမှာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်နှင့် ဟာသာဘာလင်

ဟာသာဘာလင်တို့က ဘိုင်ယန်မြူးနစ်ကို အနိုင်မကစားနိုင်တာကြာခဲ့ပါပြီ။ ၂၀၁၁ ခုနှစ်နောက်ပိုင်း ငါးပွဲဆုံတွေ့ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင်လည်း တစ်ပွဲမှနိုင်ပွဲမရခဲ့ပါဘူး။ ချန်ပီယံလီဂ်အကြိုပိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ပြီးဖြစ်တဲ့ ဘိုင်ယန်မြူးနစ်တို့ကလည်း ဒီနှစ်ဘွန်ဒက်စ်လီဂါမှာလည်း ဖလားသိမ်းပိုက်ရေး လက်တစ်ကမ်းအလို ရောက်ရှိလာပြီဖြစ်တာမို့ အမှားခံမှာမဟုတ်ပါဘူး။ ချန်ပီယံလီဂ်မှာ အားကုန်ထုတ်ခဲ့လို့ ပွဲပန်းနေပေမယ့် ဘိုင်ယန်မြူးနစ်တို့က ရလဒ်ကောင်းအတွက် အကောင်းဆုံးအခင်းအကျင်းနဲ့ နိုင်ပွဲယူပါဦးမယ်။

ဒေါ်မွန်နှင့် ဖရန့်ဖတ်

ပုံမှန်ခြေစွမ်းပြန်ရနေတဲ့ ဒေါ်မွန်တို့အတွက် ပွဲတိုင်းအမှတ်တွေရရှိဖို့ ကြိုးစားနေပါတယ်။ ရာသီအစ ဆိုးရွားတဲ့ခြေစွမ်းကို အကောင်းဆုံးပုံစံပြန်ရအောင် အားထုတ်ခဲ့တဲ့ ဒေါ်မွန်တို့စိတ်ဓာတ်က လေးစားစရာပါ။ ဖရန့်ဖတ်တို့ကတော့ မထင်မှတ်တဲ့ ခြေစွမ်းနဲ့ ပြိုင်ဘက်ကိုခြိမ်းခြောက်နိုင်ပေမယ့် ဒေါ်မွန်ရဲ့ အနိုင်ရလိုမှုပြင်းထန်စိတ်ကို ချိုးနှိမ်ဖို့ဆိုတာမလွယ်ပါဘူး။

ကိုလုံးနှင့် လေဗာကူဆင်

တစ်လည့်စီအနိုင်ယူနေတဲ့ ဒီနှစ်သင်းရဲ့ တွေ့ဆုံမှုက စိတ်ဝင်စားစရာကောင်းပါတယ်။ နောက်ဆုံးငါးပွဲတွေ့ဆုံမှုကိုကြည့်ရင် ကိုလုံးက နှစ်ပွဲနိုင်ပြီး လေဗာကူဆင်က သုံးပွဲနိုင်ထားပါတယ်။ လေဗာကူဆင်ရဲ့ အားထုတ်မှုက ကောင်းမွန်နေတာမို့ ရှုံးပွဲမရှိ ကစားနိုင်တဲ့ပုံစံကို အခုပွဲမှာလည်း လေဗာကူဆင်တို့ ဖော်ထုတ်ဦးမှာဖြစ်ပါတယ်။

စတုဂတ်နှင့် ဖရိုင်းဘတ်

တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့အတွက် ဒီပွဲမှာ အားကုန်ရုန်းနိုင်မလားဆိုတာ စတုဂတ်တို့အတွက် ပဟေဠိဖြစ်နေပါတယ်။ စတုဂတ်တို့ဟာ ဖရိုင်းဘတ်နဲ့ဆုံတိုင်း နိုင်ပွဲရတာများတာကြောင့် ဒီပွဲမှာ အဲဒီအစဉ်အလာကောင်းဆက်ထိန်းပြီး တန်းဆင်းဇုန်ကလွတ်အောင် ကြိုးစားမှာပါ။ ဝါဒါဘရီမင်ကို အနိုင်ကစားထားတဲ့ စတုဂတ်ကို ဒီပွဲမှာ ယုံကြည်လိုက်ချင်ပါတယ်။

ဟမ်းဘတ်နှင့် အော့စ်ဘတ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုမှာ ဟမ်းဘတ်တို့ တစ်ပွဲသာအနိုင်ရထားပြီး ကျန်လေးပွဲရှုံးထားပါတယ်။ အော့စ်ဘတ်တို့က အဝေးကွင်းမှာခြေစွမ်း ကျဆင်းတတ်တာမို့ ဟမ်းဘတ်တို့ အဲဒီအခွင့်အရေးကောင်းကို လက်မလွတ်တမ်း ရယူအသုံးချနိုင်ရင် အမှတ်ရနိုင်ပါတယ်။ အခုတလော ခြေစွမ်းပုံမှန်မဟုတ်တာကြောင့် ဟမ်းဘတ်တို့လည်း တစ်မှတ်ရအောင် ရုန်းကန်ရမယ့်အနေအထားပါ။

ဟန်နိုဗာနှင့် ဟော့ဖန်ဟိန်း

အခုတလော ရလဒ်တွေဆိုးရွားနေတဲ့ ဟော့ဖန်ဟိန်းတို့အတွက် အခုပွဲ အဝေးကွင်းဖြစ်တာမို့ ပင်ပန်းရပါဦးမယ်။ ဒါပေမယ့် ဟန်နိုဗာနဲ့ဆုံတိုင်း အနိုင်ရအောင် ကစားတတ်တဲ့ ဟော့ဖန်ဟိန်းတို့က အခုပွဲအဝေးကွင်းဆိုပေမယ့် စနစ်တကျပြင်ဆင်ကစားမှာဖြစ်ပါတယ်။ ဟန်နိုဗာတို့ကလည်း အမှတ်ပြည့်ရအောင် ကြိုးစားလာမှာဖြစ်တာကြောင့် အနိုင်ရလဒ်ကို ဒီပွဲမှာ အိမ်ရှင်ကိုအလှည့်ပေးရမယ့်ပွဲလို့ ယူဆပါတယ်။

ထူးခြားတဲ့ဂိုးဟု အန်ဆယ်လော့တီ ပြောကြား

ဟာနန်ဒက်ဇ်ကြောင့် ကျွန်တော်တို့ ချန်ပီယံလီဂ်အကြိုပိုလ်လုပွဲ တက်ရောက်နိုင်ခဲ့တာပါ။ ရီးရဲမက်ဒရစ်ပရိသတ်တွေရော ကျွန်တော်တို့အသင်း တာဝန်ရှိသူတွေရော ကစားသမားတွေအတွက် တကယ့်ကိုထူးခြားတဲ့ ဂိုးဖြစ်ပါတယ်ဟု ရီးရဲမက်ဒရစ်နည်းပြ အန်ဆယ်လော့တီက ပြောကြားလိုက်ပါတယ်။ ပွဲချိန် ၈၈ မိနစ်ရောက်မှ သွင်းယူတဲ့ဂိုးကြောင့်လည်း စိတ်လှုပ်ရှားမှုဖော်မပြနိုင်တော့ပါဘူး။ အက်သလက်တီကိုဟာ အသင်းကောင်းတစ်သင်းဖြစ်ပြီး ကျွန်တော်တို့အတွက် ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်သလို မျှော်လင့်ချက်တွေပျောက်ဆုံးလုနီးပါးဖြစ်ခဲ့ရတဲ့ပွဲပါပဲဟု ချန်ပီယံလီဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲတွင် ပြိုင်ဘက်အက်သလက်တီကိုအသင်းကို ဟာနန်ဒက်ဇ်၏နောက်ကျဂိုးဖြင့် တစ်ဂိုး-ဂိုးမရှိ ရလဒ်နှင့်အတူ အကြိုပိုလ်လုပွဲတက်ရောက်ခဲ့သည့် ရီးရဲမက်ဒရစ်နည်းပြ အန်ဆယ်လော့တီက ပြောကြားခြင်းဖြစ်သည်။

လက်မှတ်ဝေစုပြဿနာ ဖြေရှင်းဖို့ခက်နေတဲ့ မေဝဲသားနဲ့ပတ်ကွီယိုတို့ လက်ဝှေ့ပွဲ

ဖိလစ်ပိုင်လက်ဝှေ့ကျော် ပတ်ကွီယိုနဲ့ အမေရိကန်နိုင်ငံသားမေဝဲသားတို့ဟာ မေ ၂ရက်မှာ ယှဉ်ပြိုင်ထိုးသတ်ကြတော့မှာပါ။ ဒီပြိုင်ပွဲဟာ လက်ဝှေ့သမိုင်းမှာတော့ အကြီးအကျယ်ဆုံးသော ပြိုင်ပွဲကြီးလို့ ဆိုပါတယ်။ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေအထူးစိတ်ဝင်စားနေကြတာပါ။ အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့မှာ ထိုးသတ်မယ့် ဒီလက်ဝှေ့ပွဲဟာ အထူးသဖြင့်တော့ အာရှလက်ဝှေ့လောကသားတွေက ပိုပြီးစိတ်ဝင်စားနေတယ်လို့ဆိုပါတယ်။ သို့ပေမယ့် ဒီလက်ဝှေ့ပွဲဟာ လက်မှတ်ဝေစုခွဲဝေမှုနှင့်ပတ်သက်ပြီး အဆင်မပြေဖြစ်နေပါတယ်။ မကြာမီမှာ လက်ကျန်လက်မှတ်တွေ စျေးကွက်မှာ ပြန်ရောင်းတော့မယ်လို့ ဆိုပါတယ်။ ပြိုင်ပွဲကျင်းပသူတွေက အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ဖိုးလက်မှတ်ပြန်ရောင်းပေးသွားမယ်လို့ မျှော်လင့်ထားပါတယ်။ လက်စ်ဗီးဂတ်မြို့ MGM Grand မှာ ပရိသတ် ၁၆၅၀၀ သာဆံ့ပါတယ်။ ဒီအထဲကမှ ထိုင်ခုံ ၁၀၀၀ လောက်ပဲ ပရိသတ်တွေကို ရောင်းပေးမယ်လို့ ဆိုပါတယ်။

မေ ၂ ရက်မှာ ထိုးသတ်မယ့် ဒီလက်ဝှေ့ပြိုင်ပွဲမှာ လက်မှတ်တစ်စောင် အမေရိကန်ဒေါ်လာ ၁၅၀၀ ကနေ ဒေါ်လာ ၁၀၀၀၀ အထိ စျေးတက်သွားနိုင်တယ်လို့ ဆိုပါတယ်။ လက်ဝှေ့ပွဲကျင်းပဖို့ ရက်အနည်းငယ်ပဲလိုတော့ပါတယ်။ လက်မှတ်ရောင်းချရေးပြဿနာကတော့ အဆုံးမသတ်နိုင်ပဲဖြစ်နေပါတယ်။

အားကစားနဲ့မဆိုင်တဲ့ကိစ္စပါဝင်မှု ဘိုင်ယန်မြူးနစ်နည်းပြ တရားစွဲခံရ



ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာဟာ အောင်မြင်နေတဲ့ နည်းပြတစ်ဦးပါ။ သို့ပေမယ့် ၂၀၁၄ ကမ္ဘာ့ဖလားမှာ သေဆုံးသွားတဲ့ သတင်းထောက်တစ်ဦးအတွက် တီရှပ်ဝတ်ကာ တရားမျှတရေး တောင်းဆိုခဲ့တဲ့အတွက် ယူအီးအက်ဖ်အေက တရားစွဲဆိုလိုက်ပါတယ်။ ဂွာဒီယိုလာဟာ ချန်ပီယံလီဂ်ကွာတားဖိုင်နယ်မှာ ပေါ်တိုအသင်းကို အနိုင်ရမှု အောင်ပွဲခံမှုအခမ်းအနားမှာ တီရှပ်ပေါ်မှာ Justicial Para Topo စာတန်းပါ အကျီကို ဝတ်ဆင်ပြီး တရားမျှတရေးတောင်းဆိုမှုတစ်ရပ် ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ စပိန်နိုင်ငံသား ဂွာဒီယိုလာကို အားကစားမဟုတ်တဲ့တောင်းဆိုမှုအတွက် ဥရောပဘောလုံးအဖွဲ့ချုပ်က တရားစွဲဆိုလိုက်တာဖြစ်ပါတယ်။ အာဂျင်တီးနားသတင်းထောက်တိုပိုလို့ လူသိများတဲ့ ဂျော့လိုပက်ဟာ ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့မှာ ဇူလိုင်လအတွင်းက ယာဉ်တိုက်မှုဖြင့်သေဆုံးခဲ့ခြင်းအတွက် တရားမျှတအောင်လုပ်ဆောင်ဖို့ တိုက်တွန်းတောင်းဆို တာလို့ ဆိုပါတယ်။ ယူအီးအက်ဖ်အေရဲ့ စည်းမျဉ်းစည်းကမ်းအရ အားကစားနဲ့မဆိုင်တဲ့ လုပ်ဆောင်မှုတွေအပေါ် လက်ခံမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ ဂွာဒီယိုလာဟာ ဘာစီလိုနာမှာရော ဘိုင်ယန်မြူးနစ်မှာပါ အောင်မြင်နေတဲ့ နည်းပြဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ ဖလားသုံးလုံးဆွတ်ခူးဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

မန်စီးတီးနည်းပြ ပီအဲရာဖြစ်နိုင်မလား

မန်စီးတီးနည်းပြ မန်ရှူရယ်ပယ်လီဂရိနီဟာ ပရီမီယာလီဂ်မှာ စတုတ္ထနေရာမရခဲ့ရင်တော့ နည်းပြအဖြစ်မှ နုတ်ထွက်ရဖွယ်ရှိနေပါတယ်။ ပယ်လီဂရိနီဟာ ပြီးခဲ့တဲ့ရာသီကကံကောင်းထောက်မစွာနဲ့ မန်စီးတီးကို ပရီမီယာလီဂ်ဖလားနဲ့ ကတ်ပီတယ်ဝမ်းဖလား ဆွတ်ခူးပေးနိုင်ခဲ့ပေမယ့် ဒီနှစ်မှာတော့ စတုတ္ထနေရာကိုပင် ရဖို့ခက်ခဲနေပါတယ်။ မန်စီးတီးဟာ လက်ရှိမှာတော့ ထိပ်ဆုံးရောက် ချယ်လ်ဆီးနောက် ၁၂ မှတ်ခွာပြီး စတုတ္ထနေရာမှာ ရပ်တည်နေပေမယ့် ရာသီအကုန်မှာ ထိပ်ဆုံးလေးနေရာရဖို့ မလွယ်ပါဘူး။ မန်စီးတီး လူငယ်ကစားသမားတွေကတော့ ပယ်လီဂရိနီနေရာမှာ ပက်ထရစ်ဗီအဲရာနဲ့ အစားထိုးဖို့ ထောက်ခံထားတယ်လို့ဆိုပါတယ်။ သူဟာ မန်စီးတီးနဲ့အတူ ကစားခဲ့တဲ့ ကစားသမားဟောင်းလည်းဖြစ်ပါတယ်။ မန်စီးတီးမှာ အသင်းခေါင်းဆောင်နေရာက ကစားခဲ့တဲ့ ဗီအဲရာကို အသင်းကစားသမားတွေက လေးစားနေကြဆဲဖြစ်ပါတယ်။ အထူးသဖြင့် လူငယ်ကစားသမားတွေက ဗီအဲရာအပေါ် ပုဂ္ဂိုလ်ရေးအရ အလွန်ယုံကြည်အားထားတယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ - ဇုစည်းသည်။

ASIA GROUP

TWO ELEPHANT ASIAGROUP CO., LTD

DISTRIBUTOR FOR

Atlas Copco
PALFINGER
DYNAPAC
Manitowoc

Two Elephant Asiagroup co., Ltd (Myanmar)
Add : No. 116, Bayintnaung Road (or)
Pearl Road, Shwe Pyi Thar Industrial Zone (4),
Insein Township, Yangon, Myanmar
Tel : +95 161 8732 / +95 161 8733
Fax : +95 161 8677
Email : tecf116@gmail.com
Teasiagroup.co@gmail.com

Asiagroup Leasing Pte Ltd (Singapore)
Add : No.3 Pioneer Place,
Singapore 627804
Tel : +65 6756 2288 / +65 6363 2288
Fax : +65 6756 8822 / +65 6861 9559
Email : info@asiagroup.com.sg

Asiagroup Sdn Bhd (Malaysia)
Add : Lot D7 PT 2480, Nilai Industrial Estate,
Phase II
71800 Nilai, Negeri Sembilan Khusus,
West Malaysia
Tel : +606 799 7777
Fax : +606 799 1313
Email : enquiry@asiagroup.com.my

Cranes and Transportation Specialist

TÜV SÜD ISO 14001 — CERT N.: 2014-0624 ISO 14001 : 2004
TÜV SÜD OHSAS 18001 — CERT N.: OHS-2014-0519 BS OHSAS 18001 : 2007
TÜV SÜD ISO 9001 — CERT N.: 2011-2-2022 ISO 9001 : 2008
bizSAFE STAR
TWO ELEPHANT FAMILY
ASIA GROUP

TWO ELEPHANT ASIAGROUP

ကုမ္ပဏီသစ်ဖွင့်လှစ်ကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

စွယ်တော် စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်

■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊ သီရိရတနာ လက်လီလဏ္ဍားစျေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ **Royal Mingalardon Golf Resort** တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အခြာကျသောနေရာ ဖြစ်သည်။

■ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေကော(၃၀)ပေါ်တွင်တည်ဆောက်သွားမည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရစေမည့် စုပေါင်းအိမ်ရာ ဖြစ်သည်။

■ ထိုင်းနိုင်ငံ **G4 Architect** မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ ခေတ်မီ **Post -Tensioned** စံနစ်ဖြင့် **10” Concrete Slab**၊ ငလျင်ဒဏ် ခံနိုင်သည့် **Shear wall** များ ထည့်သွင်း ဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီးအဆောက်အဦတိုင်းတွင် **2500 sq-ft** ခန့် ကျယ်ဝန်းသော **Lobby** ပါရှိပါမည်။

900 sq-ft for 2 Bedrooms
1300 sq-ft for 3 Bedrooms

■ အဆောက်အဦတိုင်းတွင် **Schindler** အမျိုးအစား ဓာတ်လေကား (၄)စီး၊ **Security System, CCTV, Fire protection & Fire alarm system,Back up Generator system**များ ပါဝင်ပြီး အိမ်ရာဝင်းတစ်ခုလုံး အတွင်း**Under ground cable** များ ကိုသာအသုံးပြုသွားပါမည်။

■ ရေကူးကန်များ၊စားသောက်ဆိုင်၊ **Fitness center** ၊ **SPA**၊ **Steam**၊ **Sauna**၊ **Jacuzzi**၊ **Convenience Store**၊ကလေးကစားကွင်း၊ဘတ်စကက်ဘောကွင်းနှင့် လူ(၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမများ ပါဝင်သော **Clubhouse** တစ်ခု ပါဝင်ပါမည်။

■ (၃)ကောခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင်လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့်လမ်းများနှင့်အဆောက်အဦး ပတ်လည်တွင်သာယာလှပသော ပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် နေရာများ အလုံအလောက် ပါဝင်ပါသည်။



Starting from (တစ်)ပေပတ်လည်လျှင် ကျပ် ၇၅,၀၀၀

Early Register Now!

ဆက်သွယ်ရန် - ၈မုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ် (၂၄၅)၊တားကရာလမ်း၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်မြို့။ ဖုန်း ၀၁-၅၁၆၅၃၃၊ ၅၁၆၅၃၄၊ ၅၁၆၅၃၅၅၊ ၅၁၆၅၃၆

လူတိုင်းနီးပါးရဲ့ လက်ထဲက မနုသစက်ရုပ် အန်းဒရွိုက်

သူရဖြိုး

၂၀၁၀ ခုနှစ်လောက်ကစပြီး နည်းပညာနဲ့ မိုဘိုင်းဆက်သွယ်ရေးကဏ္ဍတွေ တိုးတက်လာချိန်မှာ နည်းပညာနယ်ပယ်ထဲက စကားလုံးတွေကို မြန်မာလို အဓိပ္ပာယ်မပြန်တော့ဘဲ အင်္ဂလိပ်အသံထွက်အတိုင်း မြန်မာလူမျိုးတွေ အသုံးပြုလာကြပါတယ်။ အင်တာနက်၊ အီးမေးလ်၊ ဆိုရှယ်နက်ဝပ်စတဲ့ စကားလုံးတွေထက် နောက်မှပေါ်လာပြီး မြန်မာနိုင်ငံက လူတိုင်းနီးပါး ကြားဖူးနေတဲ့ စကားလုံးတစ်ခုကတော့ အန်းဒရွိုက်(Android)ဖြစ်ပါတယ်။

မြန်မာလိုအဓိပ္ပာယ်မပြန်ဘဲ သုံးနေကြပေမယ့် အဘိဓာန်မှာတော့ အန်းဒရွိုက်ရဲ့အဓိပ္ပာယ်က မနုသစက်ရုပ်၊ လူလိုအသိဉာဏ်ရှိတဲ့ စက်ရုပ်လို့ ဖွင့်ဆိုထားပါတယ်။ ဒါ့အပြင် အန်းဒရွိုက်ဆိုတဲ့စကားလုံးကို လူတိုင်းနီးပါး ပြောနေကြပေမယ့် အန်းဒရွိုက်အကြောင်းနဲ့ပတ်သက်လို့ မိုဘိုင်းဖုန်းတွေမှာ သုံးထားတဲ့စနစ်တစ်ခုဆိုတာလောက်သာ လူသိများပါတယ်။

အန်းဒရွိုက်ရဲ့အစ

အန်းဒရွိုက်ဟာ မိုဘိုင်းဖုန်းတွေမှာ အသုံးပြုဖို့အတွက် ကမ္ဘာကျော် နည်းပညာကုမ္ဗဏီကြီးဖြစ်တဲ့ ဂူဂဲလ်က ထုတ်လုပ်ထားတဲ့ ထုတ်ကုန်တစ်ခုဖြစ်ပြီး အခမဲ့ပေးထားတဲ့ Open Source လည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဂူဂဲလ်ဟာ အန်းဒရွိုက်ရဲ့ စတင်သူတော့ မဟုတ်ပါဘူး။ ၂၀၀၃ ခုနှစ်မှာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားက Andy Rubin, Rich Miner, Chris White, Nick Sears ဆိုတဲ့ ကွန်ပျူတာပညာရှင် လေးဦးက Android Inc ဆိုတဲ့ကုမ္ဗဏီကို စတင်တည်ထောင်ခဲ့တာကမှ အန်းဒရွိုက်ရဲ့ တကယ့်အစ ဖြစ်ပါတယ်။ မိုဘိုင်းဖုန်းတွေပေါ်မှာသုံးဖို့ အကောင်းဆုံးနည်းပညာတစ်ခုကို ဖော်ထုတ်ဖို့ စတင်တည်ထောင်ခဲ့ပေမယ့် နောက်ပိုင်းမှာ ငွေကြေးအကျပ်အတည်းကြောင့် လုပ်ငန်းရှေ့ဆက်ဖို့ခက်ခဲလာချိန်မှာ ဂူဂဲလ်က ဝယ်ယူလိုက်တာပါ။ ဂူဂဲလ်က ဝယ်လိုက်တာက ၂၀၀၅ ဩဂုတ်လအတွင်းမှာ ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းမှာလည်း ဂူဂဲလ်ဟာ အန်းဒရွိုက်ဆိုတဲ့စနစ်ကို ဆက်အကောင်အထည်ဖော်နေပေမယ့် ထုတ်ကုန်တစ်ခုအဖြစ် မထုတ်ခဲ့သေးပါဘူး။ နှစ်နှစ်ကြာပြီး ၂၀၀၇ နိုဝင်ဘာရောက်မှ OHA (Open Handset Alliance)ဆိုတဲ့အဖွဲ့ကို Hardware, Software နဲ့ ဆက်သွယ်ရေးနည်းပညာ ဆိုင်ရာ ကုမ္ဗဏီပေါင်း ၃၄ ခုနဲ့ ပေါင်းပြီး ဂူဂဲလ်က တည်ထောင်ခဲ့ပါတယ်။ OHA ကိုတည်ထောင်ပြီးတဲ့နောက်မှာ အန်းဒရွိုက်စနစ်ရဲ့ စမ်းသပ်အဆင့်ဖြစ်တဲ့ (ဘီတာ)ဗားရှင်းကို ထုတ်ပေးခဲ့ပြီး ဘယ်သူမဆို ယူသုံးနိုင်တဲ့ Open Source တစ်ခုအဖြစ် သတ်မှတ်ကြေညာခဲ့ပါတယ်။

Open Source ရဲ့ အကျိုး

Open Source ဆိုတာက ကုမ္ဗဏီကရေးထားတဲ့ ဆော့ဖ်ဝဲရဲ့ကုတ်နံပါတ်တွေကို ဆော့ဖ်ဝဲပညာရှင်တိုင်းကို အခမဲ့ပေးပြီး စိတ်ကူးရှိသလို ပြန်ပြင်ရေးခွင့်ပေးထားတာဖြစ်ပါတယ်။ မူပိုင်ခွင့်ယူထားတဲ့ ဆော့ဖ်ဝဲတွေကို ပြန်ပြင်ရေးရင် တရားစွဲပေမယ့် Open Source ကတော့ တရားမစွဲပါဘူး။ Open Source ဖြစ်ပြီးတဲ့နောက်မှာ ကမ္ဘာအနှံ့က ဆော့ဖ်ဝဲရေးသားသူတွေက အန်းဒရွိုက်ကို ဝင်ရောက်စမ်းသပ်ကြပြီး ပိုကောင်းလာအောင် အမျိုးမျိုး ပြုပြင်ရေးကြပါတယ်။ အဲဒီနောက် ၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းမှာတော့ အန်းဒရွိုက်စနစ်ကို သုံးထားတဲ့ ပထမဆုံးဖုန်းတွေ ပေါ်ထွက်လာပါတယ်။ အဲဒီဖုန်းတွေမှာ အန်းဒရွိုက်ရဲ့ ပထမဆုံးတရားဝင်ဗားရှင်းဖြစ်တဲ့ 1.0 ပါဝင်လာပါတယ်။

၂၀၀၉ ဖေဖော်ဝါရီလမှာ ဗားရှင်း 1.1 ကို ထပ်ထုတ်ခဲ့ပြီး ဧပြီလအထိ ဗားရှင်း 1.1 ရဲ့ အပ်ဒိတ်တွေကို ထပ်ပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အန်းဒရွိုက်ဟာ သူ့ရဲ့ဗားရှင်းအသစ်ကို တစ်မူထူးအောင် နာမည်ပေးခဲ့ပါတယ်။ စားစရာအချိုပွဲမုန့်တွေရဲ့နာမည်တွေကို အက္ခရာစဉ်အတိုင်း ဗားရှင်းတစ်ခုစီ သတ်မှတ်ခဲ့ပါတယ်။

၂၀၀၉ ဧပြီမှာ ဗားရှင်း 1.5 Cupcake ကို စထုတ်ခဲ့ပြီး အဲဒီနောက်မှာ ဗားရှင်း 1.6 ကို Donut, ဗားရှင်း 2.0 နဲ့ 2.1 ကို Eclair, ဗားရှင်း 2.2 ကို Froyo, ဗားရှင်း 2.3 ကို Gingerbread, ဗားရှင်း 3.0 ကို Honeycomb နဲ့ ဗားရှင်း 4.0 ကို Ice Cream Sandwich, ဗားရှင်း 4.1 ကို Jelly Bean ဆိုတဲ့ နာမည်တွေပေးခဲ့ပါတယ်။ အဲဒီနောက်မှာ Kit Kat ကို ထပ်ထုတ်ထားပြီး အခုနောက်ဆုံးအချိန်မှာတော့ နောက်ဆုံးထွက်ဖြစ်တဲ့ ဗားရှင်း 5.0 Lollipop ကို ဖုန်းတချို့မှာ စသုံးနေကြပြီဖြစ်ပါတယ်။

အထက်ပါ အန်းဒရွိုက်ဗားရှင်း တစ်ခုချင်းစီမှာ ပြောင်းလဲမှုအသစ်တွေ၊ ပိုကောင်းတဲ့လုပ်ဆောင်ချက်တွေ ပိုပြီး ပါဝင်လာပါတယ်။

အန်းဒရွိုက်ဗားရှင်း အဆင့်ဆင့်

၂၀၀၉ ဧပြီမှာ ထွက်လာတဲ့ CupCake မှာဆိုရင် ပထမဆုံး ၂၀၀၈ မှာထွက်တဲ့ ၁.၀ ထက်ပိုပြီး ကောင်းတဲ့အချက်တွေအနေနဲ့ Auto rotate screen လုပ်တာ၊ Widget တွေသုံးတာနဲ့ အင်တာနက်သုံးတဲ့ ဘရောက်စာထဲမှာ စာတွေကော်ပီကူးတာတွေ လုပ်နိုင်လာပါတယ်။ စက်တင်ဘာမှာ ထပ်ထွက်လာတဲ့ Donut မှာဆိုရင်လည်း ကင်မရာပိုင်းလုပ်ဆောင်ချက်တွေ ပိုကောင်းလာပြီး ပိုကြည်လင်တဲ့ Screen ကို သုံးနိုင်လာပါတယ်။

အဲဒီနောက် တစ်လအကြာ အောက်တိုဘာလအတွင်းမှာ ထပ်ထွက်လာတဲ့ Eclair ကတော့ သာမန်ဖုန်းတွေထက် Screen ပိုကြီးတဲ့ တက်ဘလက်တွေ အတွက်ပါ ကြည်လင်တဲ့မြင်ကွင်းရအောင် လုပ်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၀ မေလမှာ ထွက်လာတဲ့ Froyo မှာတော့ အပြောင်းအလဲတွေ အများအပြား ပါဝင်လာပါတယ်။ ဖုန်းကို ကွန်ပျူတာပုံစံမျိုး သုံးနိုင်လာတာနဲ့ ဖုန်းရဲ့အင်တာနက်ကို ဝိုင်ဖိုင်ပြန်လွှင့်လို့ရသလို USB ကနေတစ်ဆင့် တခြားကွန်ပျူတာတွေကနေ အင်တာနက်သုံးနိုင်မယ့် USB tethering တွေ ပါဝင်လာပါတယ်။

Cupcake ကနေ Froyo အထိ ထွက်ခဲ့တာတွေဟာ နိုင်ငံတကာမှာ အပြောင်းအလဲတွေဖြစ်နေပေမယ့် မြန်မာနိုင်ငံနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စျေးကွက်တွေဆီကိုတော့ မရောက်ခဲ့ပါဘူး။ ၂၀၁၀ နှစ်ကုန်ပိုင်းမှာတော့ Ginger Bread ဗားရှင်း ထပ်ထွက်လာပါတယ်။ GingerBread ထွက်လာပြီးတဲ့ နောက်မှာမှ မြန်မာနိုင်ငံမှာ အန်းဒရွိုက်ကို စသုံးကြတာဖြစ်ပါတယ်။ စသုံးပြီးတာနဲ့ တစ်ပြိုင်တည်း လူကြိုက်များခဲ့ပါတယ်။ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာလည်း GingerBread ဗားရှင်းကို လူကြိုက်များခဲ့ပါတယ်။ GingerBread နဲ့အတူ အန်းဒရွိုက်ဟာ တစ်ရှိန်ထိုးနာမည်ကြီးသွားပါတယ်။

၂၀၁၁ ဖေဖော်ဝါရီမှာ Honeycomb ကို ထပ်ထုတ်ပါတယ်။ ဒီဗားရှင်းကတော့ ဖုန်းတွေအတွက်မဟုတ်ဘဲ Tablet တွေအတွက်သာ သီးသန့်ထုတ်ခဲ့တာဖြစ်လို့ လူသိနည်းခဲ့ပါတယ်။

၂၀၁၁ နှစ်ကုန်ပိုင်း အောက်တိုဘာမှာ (ICS)လို့ နာမည်ကျော်တဲ့ Ice-cream Sandwich ကို ထုတ်ပြီးတဲ့အချိန်မှာတော့ အန်းဒရွိုက်ဟာ ပြိုင်ဘက်မိုဘိုင်းစက်လည်ပတ်စနစ်တွေကို ယှဉ်နိုင်လာပါတယ်။ အန်းဒရွိုက်ရဲ့ရှေ့မှာ ရှိထားတဲ့ လူသုံးများပြီးတဲ့ မိုဘိုင်းစက်လည်ပတ်မှုစနစ်တွေဖြစ်တဲ့ Apple က ထုတ်တဲ့ IOS၊ RIM ကထုတ်တဲ့ Black Berry နဲ့ နိုကီယာကထုတ်တဲ့ Symbian OS တွေကို အသာရခဲ့ပါတယ်။ မိုဘိုင်းဖုန်းစက်လည်ပတ်မှုစနစ် စျေးကွက်ကို အန်းဒရွိုက်က နှစ်အနည်းငယ်အတွင်းမှာပဲ ဦးဆောင်နိုင်ခဲ့ပါတယ်။

၂၀၁၂ ဇူလိုင်လမှာ ထုတ်ခဲ့တဲ့ Jelly Bean ထွက်ပြီးတဲ့နောက်မှာတော့ စျေးကွက်တစ်ခုလုံးမှာ အန်းဒရွိုက်က ပြိုင်ဘက်မရှိဖြစ်သွားပါတယ်။ IOS နဲ့ ဘလက်ဘယ်ရီတို့ဟာ အရည်အသွေးကောင်းပေမယ့် စျေးနှုန်းအားသာချက်အရ အန်းဒရွိုက်ကို ပိုပြီး လူကြိုက်များလာခဲ့ပါတယ်။ နိုကီယာရဲ့ ဆင်ဘီယံကတော့ Jelly Bean ထွက်ပြီးနောက်မှာ သုံးသူမရှိသလောက် နည်းသွားပါတယ်။

အဲဒီနောက် ၂၀၁၃ စက်တင်ဘာမှာ ဗားရှင်း 4.4 Kit Kat ထပ်ထွက်လာပါတယ်။ အခြားအမည်တစ်မျိုးအနေနဲ့ Key Lime Pie(KLP)လို့ လည်း ခေါ်ကြပေမယ့် Kit Kat ဆိုတဲ့နာမည်ကပဲ လူသိများပါတယ်။ လုပ်ဆောင်ချက်အပိုင်းမှာ Jelly Bean ထက် ပိုထူးခြားတာ သိပ်မပါပေမယ့် Jelly Bean ရဲ့ လုပ်ဆောင်ချက်တွေကို ပိုမြန်အောင် ပြုပြင်ထားပါတယ်။

အခု ၂၀၁၅ ခုနှစ် မတ်လထဲမှာတော့ နောက်ဆုံးဗားရှင်းဖြစ်တဲ့ Lollipop ထပ်ထွက်ထားပါတယ်။ Lollipop စနစ်ပါတဲ့ ဖုန်းတွေက ပြည်တွင်း စျေးကွက်ကို အခုရက်ပိုင်းမှာမှ ဝင်ရောက်နေပါတယ်။ ပြောင်းလဲချက်တွေ အများအပြားပါတဲ့အထဲမှာ ဖုန်းပျောက်ချိန်မှာ ပိုင်ရှင်အနေနဲ့ ဖုန်းထဲက အချက်အလက်တွေကို လှမ်းဖျက်ပစ်တာနဲ့ ဖုန်းကို အသစ်အတိုင်းပြန်ဖြစ်တဲ့ Factory Reset လုပ်ရင်တောင်မှ ပိုင်ရှင်မဟုတ်ရင် ဖုန်းကိုဖွင့်လို့မရတာ စတဲ့ လုံခြုံရေးဆိုင်ရာ အဆင့်မြှင့်တင်ချက်တွေ အဓိကပါဝင်လာတယ်လို့သိရပါတယ်။

မြန်မာ့စျေးကွက်ထဲက အန်းဒရွိုက်

အရည်အသွေးကောင်းပေမယ့် စျေးကြီးတဲ့ IOS လို ဖုန်းတွေထဲမှာ Google ရဲ့ အန်းဒရွိုက်ဟာ စျေးသက်သာသာနဲ့ အဆင့်မြင့်ဖုန်းလုပ်ဆောင်ချက်တွေကို အသုံးပြုနိုင်မယ့် အားသာချက်တစ်ခုနဲ့ ကမ္ဘာ့စျေးကွက်ကို တိုးဝင်ခဲ့ပါတယ်။ စျေးနှုန်းချိုသာတဲ့အတွက်ကြောင့် သုံးသူများလာပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံစျေးကွက်အတွက် အန်းဒရွိုက်ဟာ အားထားရတဲ့ နည်းပညာတစ်ခု ဖြစ်ခဲ့ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ စမတ်ဖုန်းစျေးကွက်မှာလည်း အန်းဒရွိုက်ဟာ လူတိုင်းနီးပါးရဲ့လက်မှာ ရှိနေပြီဖြစ်တဲ့ နည်းပညာတစ်ခုဖြစ်နေသလို ရှေ့ဆက်ပြီးတော့လည်း လူကြိုက်များ အသုံးဝင်တဲ့ နည်းပညာတစ်ခုအဖြစ် ဆက်ပြီးရှိနေဦးမှာဖြစ်ပါတယ်။ ။

အမည်ပြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အထက(၂)၊ Grade(6)မှ ဦးဟယ်ရီဦး၏သား မောင်ရဲဝင့်ဝိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲဝင့်ဝိုင်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အေးမင်းထိုက် ၁၀/မဒန(နိုင်)၁၄၃၄၈ ၏ Psno (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၇၀၇၁၀

စတီနံပါတ် SUZUKI Swift 2011 ရောင်းမည်

2011 ရုပ်ပြောင်း၊ Smart key,Push Start,Org TV,Digital A/C, မှန်မဲ၊ အော်တိုဂီယာ၊ အနက်ရောင်၊ ကီလို ၆ သောင်း၊ အတွင်းအပြင် အလွန်သန့်။

ဖုန်း-၀၉-၂၅၂၈၅၈၈၊ ၀၉-၇၃၀၅၇၀၉၂

ဒေါ်ချိုချိုမြင့်နှင့်အများသိစေရန်

ဦးကျော်စိန်၏သမီး ဒေါ်ချိုချိုမြင့် ၁၄/ဒဒရ(နိုင်)၀၄၃၄၉၅ နှင့် ကျွန်တော်တို့သည် ၁၉၉၈ခုနှစ်မှစတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာရာ လူမှုရေးဖောက်ပြန်သွားပါသဖြင့် ၂၀၀၆ခုနှစ်မှစ၍ အတူနေထိုင်ခြင်းမရှိသည်မှာ ယနေ့ထိဖြစ်ပါသည်။ သို့ပါ၍ ၄င်းနှင့်ပတ်သက်သောကိစ္စအ၀ဝကို တာ၀နဲ့ယူမည်မဟုတ်ကြောင်း၊ ၄င်းနှင့်လည်း မည်သို့မျှမသက်ဆိုင်တော့ကြောင်း ဒေါ်ချိုချိုမြင့်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမင်းကျော်သူ
၁၂/ဒဂတ(နိုင်)၀၀၀၃၆၃

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ် ၁/က၊ လူနေရုပ်ကွက်အမှတ် လေဆိပ်ဝန်းကျင်ဖွံ့ဖြိုးရေးစီမံကိန်း၊ မြေကွက်အမှတ်(၂၁၃/ခ)၊ ဧရိယာ ၀၃၁၅ ၀၃၀၈ကျရှိပြီး နှစ် ၆၀ မြေငှားစာချုပ် အရည်ပေါက်မှာ ဦးခိုင်လင်းစိုးဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအ၀ယ်စာချုပ် အမှတ်(၁၉၁၆/၂၀၁၅)တင်ပြ၍ ဒေါ်ကေခိုင်ဇင် ၁၂/မရက(နိုင်)၁၁၀၄၄အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည်ရက်မှ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

Since 2009
Yay Set Group
Computer Programming Computer နည်းပညာသင်တန်းများ
တတ်သိ၊နားလည်စေသောစနစ်ဖြင့် တစ်ဦးစီ၊ အဖွဲ့လိုက်လက်ခံသင်ကြားပေးနေပါသည်။
Hot Line 09 421170193 ကြည့်မြင်တိုင် မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၁၆)၊ အကျယ်အ၀နံး(၄၂×၆၀)ပေရှိသော နှစ် ၆၀ မြေငှားဂရန် မြေကွက်အနက်မှ မခွဲမစိတ်ရသေးသော မြေကွက်၏ မြောက်ဘက်ခြမ်း (မြေကွက်အမှတ် ၁၁၅ ဘက်ကပ်လျက်အခြမ်း)၊ အကျယ်အ၀နံး(၂၀×၆၀)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်ခင်မိုမို့ ၁၂/လမတ(နိုင်)၀၀၅၇၀၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအ၀ယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်၊
အမှတ် ၁၀/၁၂၊ ပထမထပ် (အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂

သက်နှင်ပြီးဆန်ပို့ပါပြီ

စိတ်ကောင်းကြည်လင် ရှုနိပ်ယံပေါ်ဆန်းမျိုးအား ဝယ်ယူအားပေးကြသော
မိတ်ဟောင်းမိတ်သစ်များအတွက် သက်နှင်ပြီး ဆန်ပို့ပါပြီ။
09 730 77711 01-682844
09 730 77722 01-682844

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်/ဦးပိုင်အမှတ်(၂၃၉၁)၊ ဧရိယာ ၀၃၁မ ၀၈၂ကရှိ ဒေါ်မြင့်မေ အမည်ပေါက် အင့်ဘဂရန်မြေကွက်အား ဦးလှမျိုး (အထူးကိုယ်စားလှယ်လွှဲစာရရှိသူ) ၅/စကန(နိုင်)၀၁၂၄၅ (ဘ) ဦးခင်မောင်ပုမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/ရာဇ၀င် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ဝေယံထက် ၁၂/သလန(နိုင်)၁၀၈၂၉၉သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သောကိစ္စရပ်များ လုံ၀တာ၀နဲ့မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမောင်ပါ-ဒေါ်မြင့်မြင့်မူ
ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့

ယခုနှစ်သင်္ကြန်ကာလအတွင်း ရိုဒ်ရေကန်သို့ လာရောက်လည်ပတ်သူ များပြားခဲ့

ရိုခေါဒါရ် ဧပြီ ၂၄

ချင်းပြည်နယ်၏ အထင်ကရနေရာဒေသ တစ်ခုဖြစ်သည့် ရိုဒ်ရေကန်သို့ ယခု ၂၀၁၅ ခုနှစ် သင်္ကြန်ကာလအတွင်း ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ်သူ များပြားခဲ့ကြောင်း သိရသည်။

ယခုနှစ် သင်္ကြန်ကာလအတွင်း လာရောက်လည်ပတ်သူဦးရေသည် ယခင်နှစ်များထက် ပိုမိုများပြားပြီး ညအိပ်၍ လာရောက်လည်ပတ်သူများရှိသလို နေ့ချင်းပြန်ခရီးဖြင့်လည်း လာရောက်ကြရာ ရိုဒ်ရေကန် အနီးအနားရှိ တည်းခိုခန်းများတွင် ညအိပ်ဧည့်သည်များပြည့်နှက်နေသဖြင့် ရိုခေါဒါရ်မြို့တွင်းရှိ လူနေအိမ်များ၌ပါ တည်းခိုကြကြောင်း သိရသည်။ ရိုဒ်ရေကန်သို့လာရောက်လည်ပတ်သူအများစုမှာ အပန်းဖြေနားနေရန် အစုအဖွဲ့အလိုက်လည်းကောင်း၊ ဘာသာရေးအသင်းအဖွဲ့များအနေဖြင့် လည်းကောင်း လာရောက်လည်ပတ်သူများဖြစ်ကြသည်။

"ကျွန်တော်ဆိုရင် ပွင့်လင်းရာသီကာလ၊ အထူးသဖြင့် သင်္ကြန်ကာလအတွင်း အပန်းဖြေရင်းခရီးသွားတာကြိုက်တယ်။ ကျွန်တော် တို့နိုင်ငံရဲ့ အထင်ကရဒေသ တော်တော်များများကို ရောက်ခဲ့ပါတယ်။ အခုရိုဒ်ရေကန်ကိုတော့ ပထမအကြိမ် ရောက်လာတာပါ။ ချင်းတောင်ဆိုတော့ လမ်းခရီးလည်းကြမ်းမယ်။ လူလည်းပင်ပန်းမယ်လို့ စိတ်ထဲမှာ ထင်ခဲ့တာ။ အခုတော့ ကိုယ်တိုင်ကြုံမှ ထင်တာနဲ့တစ်ခြားစီပါပဲ။ လမ်းလည်းကောင်းတယ်။ အစစအရာရာ အဆင်ပြေတယ်။ ရိုဒ်ရေကန်ရောက်တော့လည်း စိတ်ရွှင်လန်းတယ်။ သာယာတယ်။ ပျော်စရာကောင်းတယ်။ နောက်တစ်ခါ အခွင့်ထပ်ကြုံရင် အရောက်လာအုံးမယ်"ဟု ရိုဒ်ရေကန်သို့ လာရောက်လည်ပတ်သူ ခရီးသွားဧည့်သည်တစ်ဦးက ပြောသည်။

ရိုဒ်ရေကန်သို့ လာရောက်ရာတွင် မန္တလေးမှ ဟားခါး-ဖလမ်း-ရိုခေါဒါရ် ကားလမ်းအတိုင်းသော်လည်းကောင်း၊ မန္တလေးမှ ကလေး- တီးတိန်- ရိုခေါဒါရ်ကားလမ်းအတိုင်းသော်လည်းကောင်း သွားလာနိုင်ပြီး ယခုအခါတွင် ချင်းတောင်ပြေးဆွဲသည့်ဂျစ်ကားများသာမက ဇိမ်ခံကားလေးများပါ သွားလာနိုင်သဖြင့် ရိုဒ်ရေကန်အရောက် သွားရန်လွယ်ကူနေပြီဖြစ်သည်။ ထို့ကြောင့် မြန်မာပြည်အနှံ့မှ တိုင်းရင်းသားပြည်သူများသာမက

ပြည်ပမှ နိုင်ငံခြားသား ခရီးသွားဧည့်သည်များလည်း လာရောက်လည်ပတ်သူ များပြားလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်မှ လာရောက်လည်ပတ်သူ များပြားကြောင်း သိရသည်။

